# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်  ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့၊  အတွဲ [၅၅]၊ အမှတ် [၀၄၈]


**အရိယ သစ္စာန ဒဿနံ**
**တေံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး တက်ရောက်

**နေပြည်တော်  နိုဝင်ဘာ  ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ကထိန်သင်္ကန်း ဆပ်ကပ်လှူဒါန်းခြင်း အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့ မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ကထိန်လျာသင်္ကန်းကို နန်းဦးကျောင်းဆရာတော် ဘဒ္ဒန္တဥဇ္ဇောတထံဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

■ **ပြည်တွင်း**

## မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ ဘဏ်လုပ်ငန်းများ တိုးတက်ရန် အစဉ်တစိုက်ဆောင်ရွက်

စာမျက်နှာ ❖ ၁၀

■ **ပြည်တွင်း**

## မောင်တောမြို့နယ်တွင် တရားမဝင် ဝင်ရောက်နေထိုင်သူတစ်ဦး ပုန်းအောင်းနေသည့်နေအိမ်မှ လက်နက်များသိမ်းဆည်းရမိ

စာမျက်နှာ ❖ ၁၃




# မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရ လည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း"

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်သည်။"

---

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ ဆကို အောက်ပါအတိုင်း အစားထိုးရမည်-

"တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရ လည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်ခွဲဝေသတ်မှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း"

၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏ လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်သည်။"

---

# တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ၊ ၂(င)၊ ၃(က)၊ (ခ)၊ ၁၀(ခ)၊ (င)၊ (စ)၊ အခန်း(၈) ခေါင်းစဉ်နှင့် ပုဒ်မ ၂၀၊ ၂၄ တို့တွင်ပါရှိသော "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ တစ်ရပ်ရပ်" ဆိုသည့် စကား ရပ်ကို "တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာတစ်ရပ်ရပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေတွင် ပုဒ်မ ၄ ခြေဆင်းစကားရပ်နှင့် ပုဒ်မ ၄(က)(ခ)၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၃၂ တို့၌ ပါရှိသော "မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၇(ဂ)ပါ "၃ကြိမ်" ဆိုသည့် စကားရပ်ကို "၂ ကြိမ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၉ တွင်-

(က) ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်။

"(င)ကောင်စီဝင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက ဆုံးဖြတ်ခံရခြင်း၊"

(ခ) ပုဒ်မခွဲ(င)ကို ပုဒ်မခွဲ(စ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဇ) နိုင်ငံတော်ကအပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဘွဲ့လွန်များကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက် လည်းကောင်း၊ အခြားဘွဲ့များအတွက် ပေးအပ်သော ဘွဲ့လွန်များကို တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြု အတတ်ပညာဘွဲ့လွန်အဖြစ် နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက်လည်းကောင်း ဆောင်ရွက်ခြင်း၊"

၇။ ပုဒ်မ ၁၁ ခြေဆင်းတွင်ပါရှိသော "လျှောက်ထားနိုင်သည်" ဆိုသည့်စကားရပ်ကို "လျှောက်ထားရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံခြားသားသည် အောက်ပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ကိုက်ညီပါက မှတ်ပုံတင်ခွင့်ပြုရန် ကောင်စီသို့ လျှောက်ထားနိုင်သည်-

(က) ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘီဗွီအက်စ်စီဘွဲ့နှင့် အလားတူဘွဲ့ရရှိသူ၊

(ခ) တိရစ္ဆာန်ဆေးပညာကောင်စီမှ သတ်မှတ်ထားသော အရည်အချင်းနှင့် ကိုက်ညီသူ။"

၉။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၅ တွင်-

(က) ပုဒ်မခွဲ (က)ပါ "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ" ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)ပါ "ထောင်ဒဏ် ၃ နှစ်" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ် တစ်နှစ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၃၀၀၀၀" ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၀။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၂၆ ပါ "ထောင်ဒဏ် ၁ နှစ်" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် တစ်နှစ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ငွေဒဏ်ကျပ် ၁၀၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

---

# လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်ရန် ကိုရီးယားဘဏ်နှင့်သဘောတူညီမှုရရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကိုရီးယား ပို့ကုန်-သွင်းကုန်ဘဏ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုရီးယား ပို့ကုန်-သွင်းကုန်ဘဏ် ဥက္ကဋ္ဌ Dr.Lee Duk-Hoon နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Baek-Soon နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကိုရီးယား ပို့ကုန်-သွင်းကုန်ဘဏ်တို့ အကြား လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နည်းပညာနှင့် အခြေခံအဆောက်အအုံကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများ ရရှိစေနိုင်မည့် နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ကိုရီးယား ပို့ကုန်-သွင်းကုန်ဘဏ် ဥက္ကဋ္ဌ Dr. Lee Duk-Hoon တို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**




**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကိုရီးယား ပို့ကုန်-သွင်းကုန်ဘဏ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် နှစ်ဖက်တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။**

# ဆီးရီးယားတွင်ခြေကုပ်ယူထားသော အိုင်အက်စ်တို့အား ပြင်သစ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်



ပြင်သစ်တိုက်လေယာဉ်များက ဆီးရီးယားရှိ အိုင်အက်စ်စခန်းများကို တနင်္လာနေ့တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ကြသည်။

**ပါရီ နိုဝင်ဘာ ၁၆**

ပါရီမြို့တွင် လူပေါင်း ၁၃၀ ကျော် သေဆုံးခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ဥရောပရဲအဖွဲ့က ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေချိန် ပြင်သစ်စစ်လေယာဉ်များက ဆီးရီးယားရှိ အိုင်အက်စ်တို့၏ ခြေကုပ်စခန်းများကို တနင်္ဂနွေနေ့တွင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

သောကြာနေ့ ဗုံးခွဲတိုက်ခိုက်မှုများနှင့် သေနတ်ပစ်ခတ်မှုများသည် ယင်းတို့လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်တို့က ပြောကြားလိုက်သည်။ ထို့အပြင် ပြင်သစ်က ဥရောပဒုက္ခသည် အကျပ်အတည်းနှင့် မွတ်စလင်ခိုလှုံသူများကို ပိတ်ဆို့ထားရန် ဆော်ဩလိုက်သည်။

ပြင်သစ်ရဲအဖွဲ့က ဘယ်ဂျီယံဖွား အမျိုးသားတစ်ဦးကို ၎င်း၏ ညီအစ်ကိုနှစ်ဦး တို့အား တိုက်ခိုက်ရာတွင် ကူညီပေးသည်ဟူသော ယုံကြည်ချက်အရ နိုင်ငံတကာတွင် လိုက်လံရှာဖွေနေသည်။ အဆိုပါ ညီအစ်ကိုနှစ်ဦးအနက် တစ်ဦးမှာ တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။ ထိုအတောအတွင်း ဒုတိယမြောက် အမျိုးသားကို ဘယ်ဂျီယံတွင် ဖမ်းဆီးလိုက်ကြောင်း တရားရေးဆိုင်ရာဘက်က ပြောသည်။ နောက်ထပ်ပြင်သစ်နိုင်ငံသား တိုက်ခိုက်ရေးသမားနှစ်ဦးကိုလည်း အတည်ပြုနိုင်ပြီဖြစ်ကြောင်းနှင့် အခြားအတည်ပြုနိုင်သူ လေးဦးမှာ တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံသည် အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်တို့အား အမေရိကန် ဦးဆောင်မှုနှင့် လအတန်ကြာ တိုက်ခိုက်လျက်ရှိသည်။ ပါရီအနေဖြင့် အဆိုပါ စစ်သွေးကြွများကိုအပြုတ်တိုက်ရန် သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။ **(ရိုက်တာ)**

# သီရိလင်္ကာနိုင်ငံ၏ နေရာအတော်များများတွင် ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး လူပေါင်း ၈၀၀၀၀ ရေဘေးဒုက္ခခံစားခဲ့ရ

**ကိုလံဘို နိုဝင်ဘာ ၁၆**

သီရိလင်္ကာနိုင်ငံ၏နေရာအတော် များများတွင် ရုတ်တရက်ရေကြီးမှုကြောင့် ၈၀၀၀၀ ထက်မနည်း ရေဘေးဒုက္ခခံစားခဲ့ရပြီး လူပေါင်း သောင်းကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သီရိလင်္ကာဘေးဒုက္ခ စီမံခန့်ခွဲရေးဗဟိုက နိုဝင်ဘာ ၁၆ရက်က ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် စာသင်ကျောင်းများနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ယာယီတည်းခိုနေသော ရေဘေးဒုက္ခသည်များကို ကယ်ဆယ်ရေးပစ္စည်းများဖြင့် ထောက်ပံ့မှုများ ပြုလုပ်နေကြောင်း သိရပြီး တပ်မတော်သား ၇၀၀ ကလည်း နိုင်ငံ၏ မြောက်ပိုင်းရှိ ရေဘေးသင့်ဒေသများတွင် ရေဘေးဒုက္ခ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

သီရိလင်္ကာကြက်ခြေနီအဖွဲ့၏ပြောကြားချက်အရ နိုင်ငံမြောက်ပိုင်းသည် မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများကို အများဆုံးခံစားရသော ဒေသဖြစ်ကြောင်း သိရသည်။

တပ်မတော်သားများကလည်း နိုင်ငံ၏ မြောက်ပိုင်းကမ်းခြေဒေသ မြေနိမ့်ပိုင်းတွင် နေထိုင်ကြသည့် ရေဘေးဒုက္ခသည် မိသားစုများကို ရေနစ်မြုပ်မှု မခံရစေရန် ပြောင်းရွှေ့မှုများ ပြုလုပ်နေကြောင်း တပ်မတော်က ပြောသည်။

ထို့အတူ တပ်မတော်ရေကလည်း မိုးရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးရေလျှံဖြစ်ပေါ်နေသော ရေဘေးဒုက္ခခံစားနေရသည့် ဒေသများရှိ မိသားစုများကို လိုအပ်ပါက ကယ်ဆယ်မှုများ ပြုလုပ်ရန် အရေးပေါ် ကယ်ဆယ်ရေးလှေများနှင့် အကူအညီများပေးရန် အဆင်သင့်ရှိကြောင်း ပြောခဲ့သည်။

တပ်မတော်သားများသည် ရေဘေးဒုက္ခခံစားနေရသော ဒေသများရှိ မိသားစုများကို သောက်ရေများ၊ ဆပ်ပြာများ၊ ဖျာများနှင့် အစားအစာများ ထောက်ပံ့ပေးနေကြောင်း သိရသည်။

တစ်ပတ်ကျော်ကြာ မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ သီရိလင်္ကာမြောက်ပိုင်းမြို့ဖြစ်သော ကီလီနိုချာချီတွင် လူတစ်ဦးသေဆုံးခဲ့ပြီး လူငါးဦးကို တပ်မတော်ရေက စနေနေ့က ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**





# အိုဘားမားနှင့် ပူတင် ဆီးရီးယားအရေး ဂျီ-၂၀ တွင်ဆွေးနွေး

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဆီးရီးယားတွင် နိုင်ငံသားများကိုယ်တိုင်ဦးဆောင်သည့် နိုင်ငံရေးအပြောင်းအလဲတစ်ရပ်လုပ်ဆောင်ရန် သဘောတူခဲ့ကြသည်။

အိုဘားမားနှင့်ပူတင်တို့သည် နိုဝင်ဘာ ၁၅ ရက်က တူရကီ၌ ကျင်းပခဲ့သော ဂျီ-၂၀ အစည်းအဝေးတွင် သီးခြားတွေ့ဆုံခဲ့ပြီး ထိုကဲ့သို့သဘောတူခဲ့ခြင်းဖြစ်သည်။

သမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရနှင့် အတိုက်အခံအစိုးရတို့အကြား စေ့စပ်ဆွေးနွေးမှုများပြုလုပ်ကာ အပစ်အခတ်ရပ်စဲမှုရရှိပြီး နိုင်ငံရေးပြောင်းလဲမှုဖြစ်ပေါ်စေရန် ၎င်းတို့နှစ်ဦး သဘောတူခဲ့ကြသည်။

ပါရီတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဆီးရီးယားပြဿနာကို အဖြေရှာရန် ဆွေးနွေးခဲ့ကြကြောင်းလည်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

မည်သည့်နိုင်ငံမဆို အိုင်အက်စ်စစ်သွေးကြွများကို ရင်ဆိုင်တိုက်ခိုက်မှုများ ပြုလုပ်ပါက ကြိုဆိုကြောင်း သမ္မတအိုဘားမား၏ပြောကြားချက်ကို ကိုးကား၍ အိမ်ဖြူတော်အစိုးရပိုင်းအရာရှိများက ပြောကြားခဲ့သည်။

ထို့အပြင် ဆီးရီးယားရှိ ရုရှားလေကြောင်းတိုက်ခိုက်မှုများသည် အိုင်အက်စ်စစ်သွေးကြွများကိုသာ ဦးတည်တိုက်ခိုက်ရန် သမ္မတအိုဘားမားက တိုက်တွန်းပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ဂျပန်က စစ်ရေးအကူအညီပေးရေးအတွက် တိုကျိုနှင့် မနီလာ မူဘောင်အရသဘောတူညီ

**တိုကျို နိုဝင်ဘာ ၁၆**

ဂျပန်နှင့် ဖိလစ်ပိုင်ခေါင်းဆောင်များသည် အငြင်းပွား တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်ရာတွင် အသုံးပြုနိုင်မည့် လေယာဉ်အပါအဝင် တိုကျိုက မနီလာကို စစ်ရေးအကူအညီပေးရေးစာချုပ်တစ်ရပ်ကို ယခုသီတင်းပတ်အတွင်း သဘောတူညီမှုတစ်ရပ် ရရှိလိမ့်မည်ဖြစ်ကြောင်း သတင်းရပ်ကွက်က ပြောသည်။

ဂျပန်နိုင်ငံအတွက် ပထမဆုံးဖြစ်လာမည့် အဆိုပါသဘောတူညီမှုသည် အခြားနိုင်ငံတစ်နိုင်ငံ အား စစ်လက်နက်ပစ္စည်းတိုက်ရိုက်လှူဒါန်းရန် ပထမဆုံးဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းမှာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ လုံခြုံရေးအစီအစဉ်အရ ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောသည်။

စစ်ရေးနည်းပညာဆိုင်ရာ မူဘောင်သဘောတူညီချက်ကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးနှင့် ဖိလစ်ပိုင်သမ္မတ ဘီနင်နိုအကွီနိုတို့ မနီလာ၌ ကျင်းပသော အာရှနှင့် ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေး၌ သီးခြားတွေ့ဆုံအပြီး ကြေညာဖွယ်ရှိသည်ဟု တိုကျိုမှလာသော သတင်းများတွင် ဖော်ပြသည်။

တိုကျိုနှင့်မနီလာတို့သည် ဂျပန်၏ စစ်ရေးအကူအညီပေးရေးနှင့် ပတ်သက်ပြီး ဆွေးနွေးကြမည်ဟုဆိုသည်။ ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ်ရေပြင်အထက်တွင် တရုတ်နှင့် ရေကြောင်း နယ်နိမိတ်ထိစပ်မှုအများဆုံးနိုင်ငံဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း တရုတ်တို့က တောင်တရုတ်ပင်လယ်အတွင်း စစ်ရေယာဉ်များတိုးပွားလာခြင်းကို စိုးရိမ်လျက်ရှိကြသည်။

ဂျပန်က ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်အတွက် သင်္ဘော ၁၀ စင်း တည်ဆောက်နေပြီဖြစ်သည်။ **(ရိုက်တာ)**

# ပြင်သစ်ရဲများက ပါရီတိုက်ခိုက်မှုတွင်ပါဝင်ခဲ့သော သံသယရှိသူကို ဖော်ထုတ်

**ပါရီ နိုဝင်ဘာ ၁၆**

**ပြင်သစ်ရဲများသည် ပြီးခဲ့သည့် သောကြာနေ့က ပြင်သစ်နိုင်ငံ ပါရီတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသော လူတစ်ဦး၏ နာမည်နှင့် ဓာတ်ပုံကို ဖော်ပြခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၁၆ ရက်က ဖော်ပြခဲ့သည်။**




အကြမ်းဖက် တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူ၏ သတင်းအချက်အလက်များကို ရဲတပ်ဖွဲ့က ထုတ်ပြန်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်ကြောင်း သိရသည်။

ပြင်သစ်ရဲများက ယင်းသံသယဖြစ်ဖွယ်ပုဂ္ဂိုလ်မှာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ မွေးဖွားသော အသက် ၂၆ နှစ်ရှိ ဆာလာအက်ဘ်ဒီဆလန်ဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ ပြင်သစ်ရဲများက ၎င်းမှာ ကြောက်စရာကောင်းသူဖြစ်သောကြောင့် သတင်းတစ်စုံတစ်ရာ ရရှိပါက ရဲဌာနသို့ တိုက်ရိုက်ဆက်သွယ်ရန် တိုက်တွန်းပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အထွေထွေရွေးကောက်ပွဲ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်သမိုင်းတွင် မှတ်ကျောက်တစ်ခု၊ မှတ်တမ်းတစ်ခုကျန်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

**တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်သည့်အပြင် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ အထွေထွေရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်သမိုင်းတွင် မှတ်ကျောက်တစ်ခု၊ မှတ်တမ်းတစ်ခုကျန်ရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပါတီစုံမှ ပါတီစုံအဖြစ် ကျင်းပနိုင်ခဲ့သည့်အတွက် အဓိပ္ပာယ်ပိုမိုရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် သံတောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများနှင့် တောင်ငူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။**



တွေ့ဆုံပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းများတွင် ပို့ချလိုက်သော စစ်နည်းဗျူဟာများကို စနစ်တကျလေ့လာသင်ယူ၍ မိမိကိုင်ဆောင်သည့် လက်နက်များကို ထိထိရောက်ရောက်အသုံးချပြီး လက်တွေ့နယ်ပယ်တွင် စစ်ပွဲများအောင်နိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှုံးနိမ့်မှုများကြုံတွေ့ရပါကလည်း ပြန်လည်သုံးသပ်၍ အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုက်ပွဲများ အောင်မြင်နိုင်ရန်အတွက် အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်ရန်လိုအပ်သဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အုပ်ချုပ်ထောက်ပံ့မှုကောင်းခြင်းသည် စိတ်ဓာတ်မြင့်မားရေးကောင်းမွန်စေကြောင်း၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှသာ ပြည်သူလူထုအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် နေထိုင်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထုက ယုံကြည်လက်ခံမည်ဖြစ်ကြောင်း၊ တပ်မတော်၏အစဉ်အလာ(၁၂)ရပ်နှင့်အညီ ကျင့်ကြံနေထိုင်စောင့်ထိန်းလိုက်နာပြီး စည်းကမ်းကောင်းမွန်အောင် နေထိုင်သွားကြရန်လိုကြောင်း။

ဥပဒေမှာ နိုင်ငံသားအားလုံးအတွက် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ ဥပဒေကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ဥပဒေအထက်တွင် မည်သူမျှမရှိကြောင်း၊ ဥပဒေချိုးဖောက်မှု၊ မသိကျိုးကျွံပြုမှု၊ လက်တစ်လုံးခြားပြုမှုများသည် ဥပဒေအရ ငြိစွန်းပါက အရေးယူရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၀တွင် တပ်မတော်က အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်ရှိသဖြင့် အခြေခံဥပဒေထိပါးလာမည့်ကိစ္စရပ်များနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာဥပဒေများ၊ နယ်ဘက်ဆိုင်ရာဥပဒေများနှင့် ထုတ်ပြန်ထားသည့်ဥပဒေများကိုပါ အလေးထားလိုက်နာစောင့်ထိန်းသွားရန် လိုအပ်ကြောင်း။

တပ်မတော်ကို ခေတ်မီတပ်မတော် Standard Army ဖြစ်စေရေး တည်ဆောက်လျက်ရှိရာ တပ်ဖွဲ့အလိုက်တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်မြင့်မားရန်လိုအပ်သဖြင့် မည်သည့်လက်ရုံးတပ်ဖွဲ့တွင်ဖြစ်စေ တစ်ဦးချင်း အရည်အချင်းရှိသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားရန်လိုကြောင်း၊ ထို့အပြင် နယ်မြေလူထု၏ ထောက်ခံမှုအပြည့်အဝရရှိစေရေးအတွက် စည်းရုံးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီး မည်သည့်ကိစ္စမဆို ကိုယ်ချင်းစာတရားဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ပြည်နယ်များဖြင့် ခိုင်မြဲစွာ ဝိုင်းရံထားသော ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ပြည်ထောင်စုမပြိုကွဲအောင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်ပြီး တိုင်းရင်းသားအချင်းချင်း ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ရင်းနှီးသည့် စိတ်ဓာတ်ရှိပါက မည်သည့်အန္တရာယ်မှ ကျရောက်မည်မဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးမပျက်ပြားအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတပ်အပေါ် ချစ်ခင်မြတ်နိုးရန်၊ သံယောဇဉ်ရှိရန်နှင့် စည်းစည်းလုံးလုံးရှိရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သာအမိ၊ တပ်မတော်သာအဖဖြစ်ပြီး နိုင်ငံတော်အနေဖြင့် ပြည်သူသာ အမိ၊ ပြည်သူသာ အဖဆိုသည့် အရိပ်အာဝါသအောက်၌ စည်းစည်းလုံးလုံးနေထိုင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှအရာရှိ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအတွက် သုတရသစာအုပ်စာစောင်များနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် တပ်နယ်မှအရာရှိ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအတွက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က အားကစားပစ္စည်းများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇောက စားသောက်ဖွယ်ရာများကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသော အရာရှိ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတောင်ကြီးတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းကျန်းမာရေး အခြေအနေများကိုမေးမြန်း၍ အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသလျက်ရှိသော မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ တောင်ငူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသစာအုပ်စာစောင်များ လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းက အားကစားပစ္စည်းများကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် JICA အဖွဲ့အစည်းအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် နိုဝင်ဘာလ တတိယပတ်က ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန International Cooperation Department, Research and Training Institute မှ Chief Director, Mr. Kohei SAKAI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ဧည့်သည်တော် Mr. Kohei SAKAI က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် JICA အဖွဲ့အစည်းတို့သည် လွန်ခဲ့သော နှစ်နှစ်ခန့်ကစ၍ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေရေးဆွဲရေးကိစ္စများ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟုသိရှိရပါကြောင်း၊ ဥပဒေရေးဆွဲရေးဆိုင်ရာ လမ်းညွှန်စာအုပ်ပြုလုပ်ဆောင်ရွက်နေသည်ဟုလည်း ကြားသိရပါကြောင်း၊ ဂျပန်တရားရေး ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်လျှင် အကူအညီများပေးနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် JICA အဖွဲ့အစည်းတို့သည် ၂၀၁၃ ခုနှစ် ဩဂုတ်လမှစတင်၍ Record of Discussion လက်မှတ်ရေးထိုး၍ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာမီကာလတွင် ဂျပန်နိုင်ငံသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ငါးကြိမ်မြောက် ခရီးစဉ်အဖြစ် သင်တန်းဆရာများအတွက် သင်တန်းသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ရန် ရှိပါကြောင်း၊ မိမိတို့ရုံးနှင့် JICA အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ(၁၅) ကြိမ်ခန့် ရှိပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏တိုးချဲ့ဆောင်အသစ်၌ JICA အဖွဲ့အစည်းက ကူညီသည့် သင်ကြားရေးအထောက်အကူပစ္စည်းများ မကြာမီရောက်ရှိတပ်ဆင်နိုင်မည်ဖြစ်ကြောင်းသိရှိရ၍ အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် JICA အဖွဲ့အစည်းအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

# အထကအဆင့် တိုးမြှင့်ဖွင့်လှစ်

**တနင်္သာရီ နိုဝင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု ပဝရွာ အထက(ခွဲ)အဆင့်မှ အထမအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ကျောင်းရှေ့မုခ်ဦးနေရာ၌ စည်ကားခမ်းနားစွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးတင်မောင်ကြည်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းယု၊ အထက-တနင်္သာရီကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်သန်း၊ အထက-ပဝရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးမေနှင့် လုပ်ငန်းရှင် ဦးတင်ရှိန်တို့က အထက အဆင့်မြှင့်တင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ စတင်ဖွင့်လှစ်ပေးကြသည်။

ယင်းအခမ်းအနားတွင် ဒေသခံလုပ်ငန်းရှင် ဦးတင်ရှိန်က ကျောင်းအုပ်ဆရာကြီးအဆင့်ဆင့် စိတ်အေးချမ်းသာစွာနေပျော်၍ သင်ကြားမှုပြုနိုင်ရန်အတွက် ၂၅ ပေ၊ ပေ ၄၀ အာရ်စီ တစ်ထပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း အကျိုးတော်ဆောင်တစ်ဦး၏ပြောပြချက်အရ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော်  နိုဝင်ဘာ  ၁၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက "ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က စိစစ်ဆွေးနွေးပြီး ဆောင်ရွက်ပေးရမည့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်အသီးသီးတွင်ရှိသည့် ဆောင်ရွက်ဆဲဥပဒေကြမ်းများအနက်မှ မဖြစ်မနေဆောင်ရွက်ပေးသင့်သည့် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ကာလ၌ ပထမဆုံးအကြိမ် ကျင်းပသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ခဲ့သည့်အတွက် အဓိကတာဝန်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ ဂုဏ်သိက္ခာ မြင့်မားစေသကဲ့သို့ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဂုဏ်သိက္ခာလည်း မြင့်မားတိုးတက်စေမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးမှုအတွက် ကြိုဆိုရမည်ဖြစ်သကဲ့သို့ ရွေးကောက်ပွဲအပြီး ကာလများတွင် နိုင်ငံတော်အတွက် ကျန်ရှိသည့် လုပ်ငန်းတာဝန်များကို တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနှင့် ဆောင်ရွက်နိုင်ရေးကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တပ်မတော်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

အစည်းအဝေးအစီအစဉ်အရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကမ္ဘာ့ဖက်ဆစ်စနစ် ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀) ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများတိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

**(သတင်းစဉ်)**

# လွှတ်တော်အသီးသီး၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများတွင် ဦးစားပေးဆောင်ရွက်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့်လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော်  နိုဝင်ဘာ  ၁၆

**လွှတ်တော်အသီးသီး၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများတွင် ဦးစားပေးဆောင်ရွက်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မရှင်တို့မှ အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုလွှတ်တော်အစည်းအဝေးများသည် ပထမအကြိမ်လွှတ်တော်၏ နောက်ဆုံးအစည်းအဝေးဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုရန်နှင့် လွှတ်တော်အသီးသီး၌ ဆောင်ရွက်ဆဲဥပဒေကြမ်းများကို ဦးစားပေးအလိုက် အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန်၊ ကျန်ရှိသည့် လွှတ်တော်သက်တမ်းတွင် အချိန်ရရှိမှုအပေါ် မူတည်၍ ဥပဒေကြမ်းများကို စိစစ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်တို့က လွှတ်တော်အသီးသီးတွင် ကျန်ရှိသည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မရှင် အဖွဲ့ဝင်များက ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးရာတွင် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ရန်နှင့် ဥပဒေကြမ်းများ အမြန်ပြီးပြတ်ရေးအတွက် သက်ဆိုင်ရာ ဥပဒေကြမ်းကော်မတီများနှင့် ကော်မရှင်များက ကြိုတင်လေ့လာဆောင်ရွက်ထားရှိရန် ပြောကြားသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ကွင်းများမှ အလိုရှိသလောက်ခုတ်ယူကာ ချင်းတွင်းမြစ်ကြောင်းအတိုင်း ပခန်းကြီးမြို့သို့ သယ်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းတော်ကြီးအား နှစ်နှစ်ကြာတည်ဆောက်ကာ သစ်ဖိုးမပါ ဆောက်လုပ်ခနှင့် သယ်ယူခ ကုန်ကျငွေမှာ ပဋိလောမပဋိက္ကမ သင်္ချာနည်းအရ "ကွမ်းသီးတစ်လုံးဖိုး" ဟု အမှတ်အသားပြုကာ ၅၄၇၆၂ ကျပ် ကုန်ကျခဲ့ကြောင်း သိရသည်။

"ကျောင်းတကာ ဦးဘိုးတုတ်ရဲ့ ငယ်ဘဝက ချို့တဲ့ရှာတော့ ဆရာတော် ဦးဂုဏကျောင်းမှာ ဘုန်းကြီးကျောင်းသားအဖြစ် နေထိုင်ခဲ့ရတယ်။ အဲဒီနောက် လှေပေါင်းထိုင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုရာကနေ သူ့ရဲ့ကြိုးစားမှုကြောင့် လှေသူကြီးအဖြစ်ရောက်ရှိလာခဲ့တယ်။ ပုဂံမင်းနဲ့ လွှတ်တက် မင်းတုန်းမင်းတို့ ၁၂၁၄ ခုနှစ် စစ်မက်ဖြစ်ပွားတဲ့အချိန်မှာ ဆရာတော်ကြီးရဲ့တပည့်ပီပီ အတွက်အချက်ကောင်းကောင်းနဲ့ နောင်အကျိုးရှိစေရန်မျှော်တွေးပြီး လွှတ်တက်မင်းတုန်းမင်းကို စစ်ရိက္ခာအဖြစ်လှေရောကုန်ပါ ဆက်သအပ်နှံလိုက်တယ်လေ။ ဒါကြောင့် မင်းတုန်းမင်း နန်းတက်လာတဲ့အခါမှာ ဒီကျေးဇူးကြောင့် ကျီဝန်ရာထူး ချီးမြှင့်ခြင်းခံခဲ့ရတာပါ" ဟု ကျောင်းတော်ကြီးအား အနီးကပ်စောင့်ရှောက်နေသူ အဘဦးထွန်းကြည်က ရှင်းလင်းပြောပြသည်။

ကျောင်းတော်ကြီးသည် ရတနာပုံခေတ်လက်ရာအတိုင်း ဘုရားခန်း၊ ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီး၊ ဘောဂဆောင်၊ စကြံပတ်လမ်းတို့ ဖွဲ့စည်းပါဝင်သည်။

ကျောင်းဦးရှိ ဘုရားဆောင်မှာ ပြာသာဒ်ဘုံမြင့် အထွတ်တင်ထားသဖြင့် ခံ့ထည်သည်။ ခြေရင်းဘက်တွင် ဘောဂဆောင်မှာ ကန့်လန့်ဖြတ်လည်ပေါ်ဆောင်တစ်ခုဖြစ်၍ လှပသည်။ ဘုရားဆောင်၏ ထိပ်တွင် လှေကားတစ်ခု၊ လက်ဝဲနှင့် လက်ယာတွင် လှေကားတစ်ခုစီ၊ ဆောင်မကြီး၏ လက်ဝဲနှင့် လက်ရာတွင် လက်ရန်းများရှိ ကော့ထောင်နေသော မွန်းချွန်များသည် ဝင့်ကြွားလှပသည်။

ကျောင်းတော်ကြီးမှာ မြောက်မှ တောင် အနံ ၁၂ ပင်၊ အရှေ့အနောက် အလျား ၂၄ ပင်ရှိသည်။ ကျွန်းတိုင်ပေါင်း ၂၅၄ တိုင်ဖြင့် ဆောက်လုပ်ထားသောကြောင့် "တိုင်ပေါင်းတွက်ကျောက်မျက်ရွှဲ" ဟု တိုင်အရေအတွက်ကို မှတ်သားကြသည်။ တိုင်လုံးပတ်လည်မှာ ၆ ပေ ၄ လက်မမှ ၇ ပေ ၂ လက်မ (၂ မီတာ) အထိရှိသည်။ တိုင်ထိပ်အဝမှာ လက်မ ၃၀ (၇၆ စင်တီမီတာ)ခန့်ရှိသည်။ အမြင့်ဆုံးတိုင်သည် ပေ ၉၀ ရှိသည်။

ကျောင်းတော်ကြီးသည် သစ်ထူး သုံးမျိုးပါရှိသည်ဟု ပြောဆိုကြသေးသည်။ ၎င်းတို့မှာ သစ်ခြောက်၊ သစ်ဘီလူး၊ သစ်ကျွဲတို့ဖြစ်သည်။ ထုပ်နှင့်လျောက်များမှာ ထု ၈ လက်မ (၂၀ စင်တီမီတာ )၊ ပြက် ၂ ပေ (၆၀ စင်တီမီတာ) ရှိသည်။ ဤ ကြီးမားသော ထုပ်တန်း၊ လျောက်တန်းများကို ကျွန်းတိုင်ကြီးများတွင် လျှိုဖောက်ကာတပ်ဆင်ထားကြသည်။

အတန်းမြင့်မားသောနေရာတွင် တင်၍ လျှိုဖောက်ရသောကြောင့် ခက်ခဲစွာပြုလုပ်ထားကြောင်း တွေ့ရသည်။ တိုင်လုံးကြီးများ လုံးပတ်ကြီးမားခြင်းနှင့် ထုပ်လျောက်တို့မှာ ပြက်ကြီးမားခြင်းကြောင့် လက်သမားဆရာတို့ လုပ်ကိုင်ရသည်မှာ အလွန်ခက်ခဲလှသည်ကို မှန်းဆနိုင်သည်။ ထိုကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ရာတွင် ဆင်များကို အသုံးပြုခဲ့သည်။

ကျောင်းတော်ကြီးသည် တိုင်ထောက်နယားများ၊ နံရံတွင် ခြူးပန်းများနှင့် ကြာများ၊ မာရဘင်တွင် မှန်ကူကွက်များနှင့် ကြာပွင့်များရှိသည်။ ရသေ့ ရုပ်လုံးများ၊ နတ်ရုပ်လုံးများနှင့် ကြိုးစင်နွယ်လိမ် ယိုးဒယားပန်းခက်ပါရှိသော လင်းနို့တောင်များမှာ အလွန်တင့်တယ်သည်။

ဆောင်မကြီး၏ ကွင်းစင်အရှေ့ပတ်လည်တွင် မြန်မာရာမပြဇာတ်တော်ကို ထုလုပ်ဆင်ယင်ထားသည်။ အရှေ့မြောက်ထောင့်ရှိ မြောက်ဘက်မျက်နှာလှည့် သစ်သားပန်းပုချပ်ကြီးတွင် ရာမသမင်လိုက်ခန်းကို သရုပ်ဖော်ထားသည်။ လက်ဝဲနှင့်လက်ယာ သိကြားရုပ်တု လုပ်ထားသော ထုထဲသည့် ကျွန်းတံခါးရွက်ကြီးများ၊ ထုထဲသည့် ခါးပန်းကြီးများ၊ ထုထဲသည့် ကြမ်းခင်းပြားကြီးများရှိသည်။ တံခါးရွက်တိုင်မှာထီး၊ သန်လျက်နှင့် သားမြီးယပ်ကိုင်သော ဒွါလပါလ အစောင့်နတ်ရုပ်များရှိသည်။ ဘုရားဆောင်အတွင်းတွင် ပလ္လင်မြင့်ပေါ်၌ ကြည်ညိုဖွယ်ကောင်းသော ရတနာပုံခေတ်လက်ရာ ထိုင်တော်မူဗုဒ္ဓဆင်းတုတော်ကြီး တစ်ဆူရှိသည်။ စနုဆောင်အတွင်း မျက်နှာကြက်သည် မြင့်မား၍ ပန်းပွင့်များပုံဖော်ထားသည်။

ထင်ရှားသည့် ကုန်းဘောင်ခေတ်နှောင်း ကျွန်းသားဖြင့် တည်ဆောက်ထားသော မြန်မာဘုန်းတော်ကြီးကျောင်းများကို စလေမြို့တွင် ရုပ်စုံကျောင်း၊ အင်းဝမြို့ ဗားကရာကျောင်းနှင့် ပခန်းငယ်ရွာတွင် ပခန်းငယ်ကျောင်းတော်ကြီးနှင့် မန္တလေးမြို့တွင် ရွှေအင်ပင်ကျောင်းတို့ကို တွေ့ရသည်။ အင်းဝမြို့ ဗားကရာကျောင်းသည် ဘောဂဆောင်မပါရှိပါ။ ပခန်းငယ်ကျောင်းတော်ကြီးတွင် တိုင်လုံးများနှင့် အုတ်လှေကားများသာ ကြွင်းကျန်ရစ်သည်။ ထို့အပြင် ၁၈၉၅ ခုနှစ်တွင် ဦးစက်ရှင်နှင့် ဒေါ်ဘွား၏ ကုသိုလ်ဖြစ်သည့် မန္တလေးမြို့မှ ရွှေအင်ပင် ကျောင်းတော်ကြီးသည် ကျောင်းဦးပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ ပြည့်စုံစွာပါရှိသဖြင့် ရှေးဟောင်းစံပြ မြန်မာဘုန်းကြီးကျောင်းဟု သတ်မှတ်ထားသည်။

သို့ဆိုလျှင် ပခန်းကြီးကျောင်းတော်ကြီးသည် ရွှေအင်ပင်ကျောင်းကဲ့သို့ ဖွဲ့စည်းပုံပြည့်စုံသည့်အပြင် ထိုကျောင်းထက်ပင် သက်တမ်း ၂၇ နှစ်စောနေသဖြင့် မြန်မာနိုင်ငံရှိ အကြီးမားဆုံးသော ရှေးဟောင်းစံပြ မြန်မာ ဘုန်းတော်ကြီးကျောင်းဟု သတ်မှတ်သင့်ပေသည်။

ယခုအခါတွင် ပခန်းကြီး ကျောင်းတော်ကြီးကို ရှေးဟောင်းသုတေသနမှ ပြုပြင်ထိန်းသိမ်းထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော်  နိုဝင်ဘာ  ၁၆**

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပထမလွှတ်တော်သက်တမ်း နှစ်လခန့်သာကျန်ရှိသဖြင့် ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်



**နေပြည်တော် နိုဝင်ဘာ ၁၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အောင်မြင်ချောမွေ့စွာ ပြီးဆုံးခဲ့သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ ဂုဏ်သိက္ခာကို မြင့်မားစေပါကြောင်း၊ ပြည်သူ့လွှတ်တော်အနေ ဖြင့်လည်း ရွေးကောက်ပွဲ အောင်မြင်စေရန် ပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိသူများ အပါအဝင် ပြည်သူတစ်ရပ်လုံးကို အထူးဂုဏ်ပြုပါကြောင်း။

နောင်လာမည့် လွှတ်တော်ဖွဲ့စည်းချိန်အထိ ပထမလွှတ်တော်၏သက်တမ်းမှာ နှစ်လခန့်သာ ကျန်ရှိပါကြောင်း၊ ထိုကာလအတွင်း ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များကို စေတနာထား ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်အသစ်သည် ပထမအကြိမ် လွှတ်တော်ထက်ပိုပြီး အရည်အချင်းရော၊ အရည်အသွေးပါပြည့်စုံပြီး နိုင်ငံသားများ၏အကျိုးကို ပိုမိုဆောင်ရွက်နိုင်ကြစေရန် မိမိတို့က လမ်းခင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် အစည်းအဝေးအစီအစဉ်အရ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သောအဖွဲ့၏ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံခရီးစဉ်နှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး၏ ဆွစ်ဇာလန်နိုင်ငံခရီးစဉ်တို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့်ဥပဒေများ အချိန်မီပြီးစီးနိုင်ရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယခုကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ကျန်ရှိသည့်ဥပဒေများကို ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးက လွှတ်တော်အစည်းအဝေးများတွင် တတ်နိုင်သမျှ စုံစုံညီညီတက်ရောက်ကာ အင်တိုက်အားတိုက် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးနောက် ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၃၃ ခု ကျန်ရှိပါကြောင်း၊ အဆိုပါ ဥပဒေကြမ်း ၃၃ ခုမှာ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၁၄ ခု၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် ဥပဒေကြမ်း တစ်ခု၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသည့်ဥပဒေကြမ်း နှစ်ခု၊ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာသည့် ဥပဒေကြမ်း ၁၆ ခု ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၁၅ ခု ရှိပါကြောင်း။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ပြီးပြတ်အောင် ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ အရေးကြီးလိုအပ်ချက်မရှိပါက လွှတ်တော်သို့ တင်သွင်းခြင်း မပြုကြရန် မေတ္တာရပ်ခံပါကြောင်း။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပေးပို့ထားသည့် နည်းဥပဒေ ကိုးခုကို ဖြန့်ဝေရန်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၅ တွင် ဖြန့်ဝေတင်ပြသော နည်းဥပဒေများသည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေများ ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်ပါကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်၍ ယခုဖြန့်ဝေထားသော နည်းဥပဒေများသည် ရက်ပေါင်း ၉၀ အတွင်း ပြည့်မီခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုပါက ဆောလျင်စွာတင်သွင်းကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

ယခုကျင်းပသည့် အစည်းအဝေးသည် ပထမအကြိမ် လွှတ်တော်သက်တမ်းတစ်ရပ်၏ နောက်ဆုံးအစည်းအဝေး ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများကို အချိန်မီပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် အဆိုတင်သွင်းပြီး ၂၀၁၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခြင်း ဖြစ်သည်။

အလားတူ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကိုလည်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း၊ ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း၊ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို အမျိုးသားလွှတ်တော်ကဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ဖတ်ကြားတင်သွင်းသည်။

ယနေ့ အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်နားခဲ့ပြီး အမျိုးသားလွှတ်တော် ဒုတိယနေ့ အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာစာပညာရှင်ကြီးများအား မြန်မာစာအဖွဲ့က ပူဇော်ကန်တော့

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာစာအဖွဲ့ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတည်းမှူးချုပ်နှင့် ဝန်ထမ်းများ၊ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ မြန်မာစာပါမောက္ခနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ပူဇော်ကန်တော့ပွဲတွင် ရှေးဦးစွာ မြန်မာစာနှင့် ဘာသာစကား ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က ပူဇော်ကန်တော့ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် တက်ရောက်လာကြသူများက ပညာရှင်ဆရာကြီး၊ ဆရာမကြီးများအား ရှိခိုးကန်တော့ကြပြီး ဂါရဝပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံမြန်မာစာအဖွဲ့ အဖွဲ့ဝင်ပညာရှင်ကြီးများ ကိုယ်စား ဆရာကြီးဒေါက်တာခင်အေးက မုဒိတာစကားပြောကြားပြီး ကန်တော့ခံဆရာကြီး ဒေါက်တာမြင့်ကြည်က ဆုပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင်နှင့် မြန်မာစာအဖွဲ့ဝင် ဒေါက်တာသန်းဦးက ဩဝါဒစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာစာအဖွဲ့ အဖွဲ့ဝင် ပညာရှင်ကြီးများသည် မြန်မာစာပေ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**(ပညာရေး)**

# ဒီးမော့ဆိုမြို့နယ်၌ ရွှေကိန္နရီစာကြည့်တိုက်တည်ဆောက်

**ဒီးမော့ဆို နိုဝင်ဘာ ၁၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါတငူး(ရှေ့)ကျေးရွာ၌ နိုင်ငံတော်မတည်ငွေကျပ် သိန်း ၂၀ ဖြင့် အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိ ရွှေကိန္နရီစာကြည့်တိုက် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုရာ သတ်မှတ်ကာလအတွင်း စာကြည့်တိုက် အချိန်မီပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ကြရန် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များအား တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒေါတငူး(ရှေ့)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်တင်ရေးအတွက် ဟောပြောပွဲ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသပြီး ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန် စာအုပ်၊ စာစောင်များ ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



*ရှေ့ဖုံးမှ*

ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးတို့သည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ကထိန်လျာသင်္ကန်းကို နန်းဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတထံ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်ပရိသတ်များက

*စာမျက်နှာ ၉ ကော်လံ ၁*



## မြသပိတ်ဆွမ်းတော် ဆက်ကပ်လှူဒါန်း

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဥပ္ပါတသန္တိစေတီတော် သာသနာ့ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား မြသပိတ်ဆွမ်းတော် ဆက်ကပ်လှူဒါန်းပူဇော်စဉ်။**

(သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

စာမျက်နှာ ၈ မှ

ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ အတုလကာရီ ဆင်မင်းကျောင်းတိုက်ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ကထိန်အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ငွေကျပ် ၄၀၅ သိန်းတန်ဖိုးရှိ ပဒေသာပင်များကို လှူဒါန်းခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

# မုဒုံမြို့ ကျိုက္ကမော့ကလေးစေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**မုဒုံ နိုဝင်ဘာ ၁၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မွန်ပြည်နယ် မုဒုံမြို့အရှေ့ဘက် တောင်ညိုတောင်တန်းပေါ်ရှိ ကျိုက္ကမော့ကလေးစေတီတော်၏ (၆၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၂၅ ရက်) နံနက်ပိုင်းမှစတင်ကာ တောင်ပေါ်စေတီတော်ရင်ပြင်၌ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ မြတ်ဗုဒ္ဓအားရည်မှန်းကာ ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့ဝင်များက ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းနှင့် ညပိုင်းတို့တွင် တောင်ပေါ်ဧည့်ခံမဏ္ဍပ်၌ ဘုရားဖူးလာပြည်သူများအား သက်သတ်လွတ်စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံခြင်း၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက၊ ဒုံးယိမ်းအကတို့ဖြင့်ဖျော်ဖြေပြီး ပွဲတော်အထိမ်းအမှတ်အဖြစ် တောင်အောက် မုဒုံ-ချောင်းနှစ်ခွသွားကားလမ်းဘေးနှင့် မုဒုံလမ်းမကြီး ကျွန်းရွာလမ်းဝတို့၌ ပိုက်ကျော်ခြင်း၊ တာဝေး၊ တာနီးအပြေးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညပိုင်းတွင် မော်လမြိုင်ဆန်းမင်းအောင် ဇာတ်ပွဲဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၂၆ ရက်) ညနေပိုင်းတွင် ကျွန်းရွာလမ်းဝမဂ်လာမဏ္ဍပ်မှစတင်ကာ မုဒုံမြို့ တောင်ရှေ့/တောင်နောက်တို့ရှိ ဘုန်းတော်ကြီးကျောင်း ၈၃ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၀ တိုက်တို့မှ ပင့်သံဃာ၊ သီလရှင် အပါး ၈၅၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စာရေးတံမဲဖောက်လှူဒါန်းခြင်းတို့ဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

## ဘော်ကြိုဘုရား၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိတူးဖော်ထားမှုကြောင့် နေ့စဉ် ဘုရားဖူးများစည်ကား

**သီပေါ နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ ဘော်ကြိုဘုရားသည် ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးစေတီတော်တစ်ဆူဖြစ်ပြီး နှစ်စဉ် တပေါင်းလတွင်ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်သည်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကားကြောင်း သိရသည်။

ဘော်ကြိုဘုရားသည် ပုဂံခေတ် အနော်ရထာမင်းနှင့် ရှမ်းပြည်စော်ဘွားကြီး၏သမီးတော်မင်းသမီး စောမွန်လှတို့နှင့် သမိုင်းကြောင်း ဆက်စပ်လျက်ရှိနေ၍ ပိုမိုထင်ပေါ်ကျော်ကြားလျက် နေ့စဉ် ဘုရားဖူးပြည်သူများ၊ သမိုင်းလေ့လာလိုက်စားသူ သုတေသီများ ကမ္ဘာလှည့်ခရီးသည်များ အမြဲမပြတ် လာရောက်နေကြသည့်အထဲ၌ ဘော်ကြိုဘုရားကြီး၏ ပရိဝုဏ်အတွင်းရှိ ဘော်ကြိုဘုန်းတော်ကြီးကျောင်းတိုက်အတွင်း ဂန္ဓကုဋီတိုက်အသစ်တည်ဆောက်ရန် မြေတူးဖော်ရာမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၃၀၂ ဆူကိုလည်းကောင်း၊ ရေမြောင်းတူးဖော်ရာမှ ထပ်မံ၍ ၅၆ ဆူကို လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ရုပ်ပွားတော် ၅၆ ဆူကို လည်းကောင်း တွေ့ရှိတူးဖော်ခဲ့သဖြင့် ရှေးဟောင်းရုပ်ပွားတော်များကို ဖူးမြော်ပူဇော်ရန် လာရောက်ကြသော ဘုရားဖူးဧည့်သည်များဖြင့် ဘော်ကြိုဘုန်းတော်ကြီးကျောင်းတိုက်နှင့် ဘော်ကြိုဘုရားတို့၌ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာရောက်ကြသော ဧည့်သည်များကို ဘော်ကြိုကျောင်းတိုက် ဆရာတော်ကြီးအမှူးပြု၍ တပည့်ဒါယကာ စေတနာရှင်ကုသိုလ်ရှင်များက နေ့စဉ် နေ့လည်စာ စတုဒိသာထမင်းဟင်းများနှင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ယာဉ်များ ပြိုင်ဆိုင်မှုများလာ

**တောင်ငူ နိုဝင်ဘာ ၁၆**

တောင်ငူမြို့ တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက် ကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင် (၈၄)ကြိမ်မြောက်ပြီဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ သမိုင်းဝင် မဟာမုနိ ကေလဇာတိဘုရားကြီးမှ တောင်ငူမြို့ပေါ်ရှိ ရပ်ကွက်များက မဲပေါက်သော ဘုရားအမှတ်စဉ်အလိုက် နိုဝင်ဘာ ၁၈ ရက်မှ စတင်ပင့်ဆောင်ပြီး ရပ်ကွက်ရုံးရှိ ယာယီစံကျောင်းတော်အတွင်း သတ်မှတ်နေရာများတွင် စနစ်တကျပြင်ဆင် ပူဇော်ထားရှိမည်ဖြစ်သည်။

နိုဝင်ဘာ ၂၄ ရက်ညနေ ၄ နာရီမှစတင်၍ တောင်ငူမြို့အတွင်း သက်မှတ်လမ်းကြောင်းအတိုင်း ဒေသစာရီကြွချီ လှည့်လည်ပူဇော်ခံရန် အလှပြပူဇော်ယာဉ်များကို သမိုင်းနောက်ခံဖော်ကျူး၍ သူ့ထက်ငါ အပြိုင်အဆိုင်ပြင်ဆင်နေကြပြီး ဖြစ်သည်။ ယခုနှစ်တွင် အလှပြဘုရားကားတစ်စီးကို ပြင်ဆင်စရိတ်ငွေကျပ် ၁၅ သိန်းသတ်မှတ်ထုတ်ပေးထားပြီး အကဲအဖြတ် အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း စနစ်တကျကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည် ပင့်ဆောင်ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာ ပင့်ဆောင်မှု၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု သိုက်သိုက်ဝန်းဝန်း အဖွဲ့ဝင်များလိုက်ပါပြီး အတီးအမှုတ်ဖြင့် ဆောင်ရွက်မှု၊ သတ်မှတ်နေရာများတွင် ခမ်းနားစွာစနစ်တကျပူဇော်မှု၊ ဘုရားသမိုင်းဖော်ကျူးမှု၊ ပွဲတော်နှင့်အညီနောက်ခံကားချပ်များပြင်ဆင်ထားမှု၊ ဓမ္မပူဇာရွတ်ဖတ်ရာတွင် အသံကောင်းခြင်း၊ ဆွဲဆောင်မှုရှိခြင်းတို့အပေါ်မူတည်၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဒိုင်အဖွဲ့ကအမှတ်ပေးသွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ် သိန်း ၇၀၊ တတိယဆု ငွေကျပ် သိန်း ၅၀ နှင့် နှစ်သိမ့်ဆု ငွေကျပ်သိန်း ၁၀ ဆု ငါးဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ ဘဏ်လုပ်ငန်းများ တိုးတက်ရန်အစဉ်တစိုက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးဌာနများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဒေါက်တာ မောင်မောင်သိမ်း၊ ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**



မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးဌာနများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေးကဏ္ဍ တိုးတက်မှုအတွက် ဘဏ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ယခင် အခြေအနေနှင့် နှိုင်းယှဉ်ပါက ယင်းကဏ္ဍ၌ တိုးတက်မှုများစွာ ရှိလာပြီဖြစ်ကြောင်း၊ ဘဏ်တစ်ခု ပြဿနာဖြစ်ပွားလျှင် အခြားဘဏ်များလည်း ထိခိုက်စေနိုင်သည့်အတွက် ဘဏ်များအနေဖြင့် ဝန်ဆောင်မှု ယှဉ်ပြိုင်ရန်လိုအပ်သကဲ့သို့ ညီအစ်ကိုများကဲ့သို့ ဖေးမကူညီကြရမည်ဖြစ်ကြောင်း၊ ဘဏ်များစနစ်မရှိပါက ငွေရေးကြေးရေးကဏ္ဍ တိုးတက်မည် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်



ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ရှင်းလင်းပြောကြားစဉ်။

ဥပဒေအရ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သော်လည်း ဗဟိုဘဏ်ဝန်ထမ်းများ၏ စွမ်းရည်ကို ယခုထက်ပိုမို၍ တိုးမြှင့်ရန်၊ ဘဏ္ဍာရေးမူဝါဒများ ချမှတ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး မူဝါဒချမှတ်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီးပွားရေး မူဝါဒများ ချမှတ်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် လွယ်ကူချောမွေ့စွာ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတကာကထုတ်ပြန်သည့် မြန်မာနိုင်ငံအတွက် Ease of Doing Business Index ၊ Corruption Perception Index၊ Per Capita Income စသည့် ညွှန်းကိန်းများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမို၍တိုးတက်မှု ရှိလာကြောင်း၊ မည်သည့် အစိုးရအုပ်ချုပ်သည်ဖြစ်စေ ဘဏ်လုပ်ငန်းများ တိုးတက်ရန် အစဉ်တစိုက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးဇေယျာအောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ငွေကြေးစီးဆင်းမှုများနှင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍတိုးတက်လာမှု၊ ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ဘတ်ဂျက်လိုငွေလျှော့ချမှု၊ အသုံးစရိတ်လျှော့ချသုံးစွဲရေးနှင့် ဝင်ငွေပိုင်းတွင် အခွန်ဝင်ငွေတိုးမြှင့်ရရှိရန်



ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ရှင်းလင်းပြောကြားစဉ်။

လိုအပ်ချက်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပို့ကုန်သွင်းကုန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင် ရုပ်သိမ်းခြင်းနှင့်ပတ်သက်သည့်ကိစ္စ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ဘဏ်များ အနည်းဆုံး ထားရှိရမည့် သီးသန့်ငွေလိုအပ်ချက် (Reserve Requirement) ကို မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ငွေကြေးပမာဏအခြေအနေနှင့် နှိုင်းယှဉ်ပြီးရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ထွန်းဖောင်ဒေးရှင်းဘဏ်မှ ဦးသိန်းထွန်း၊ သမဝါယမဘဏ်မှ ဦးခင်မောင်အေး၊ ကမ္ဘောဇဘဏ်မှ ဦးသန်းချို၊ ပထမပုဂ္ဂလိကဘဏ်မှ ဦးမြင့်ဇော်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ ဦးစိုးသိန်း၊ ဧရာဝတီဘဏ်မှ ဒေါ်ခင်မမ၊ မြန်မာ့ရွှေဆောင်ဘဏ်မှ ဦးစိုးတင့်၊ ယူနိုက်တက်အမရာဘဏ်လီမိတက်မှ ဦးသန်းဝင်းဆွေနှင့် မြန်မာအရှေ့တိုင်းဘဏ်မှ ဦးမြသန်းတို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘဏ်များတွင်ထားရှိရမည့် သီးသန့်ငွေပမာဏ (Reserve Requirement)သည် ဘဏ်များနှင့် အပ်ငွေအပ်နှံသူများ၏ အကျိုးအတွက်သတ်မှတ်ရသည့်ကိစ္စ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင်ကို အချိန်အခါ ဥပဒေနှင့်အညီ ရုပ်သိမ်းခဲ့သည့်ကိစ္စ၊ မြန်မာနိုင်ငံဘဏ်များ အသင်းအား ထိန်းကျောင်းရန်အတွက် bye-law ရေးဆွဲထားရှိရန်ကိစ္စ၊ ဘဏ်များက ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဘဏ်အချင်းချင်း မိသားစုသဖွယ်၊ ညီအစ်ကိုသဖွယ်၊ ညှိနှိုင်း၍ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဦးဆက်အောင် (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်)



ဒေါ်ခင်စောဦး (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်)



ဦးသန်းချို (ကမ္ဘောဇဘဏ် )



ဦးစိုးတင့် (မြန်မာ့ရွှေဆောင်ဘဏ်)



ဒေါ်ခင်မမ (ဧရာဝတီဘဏ်)

# ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုတိုင်း စမတ်ဖုန်းသုံးစွဲနိုင်ကြတော့မည်ဟုဆို

နိုဝင်ဘာ ၈ ရက်နေ့ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော The Sunday Telegraph Business (UK) သတင်းစာက အိုဘားမားအစိုးရအနေဖြင့်အသွင်ကူးပြောင်းမှုလုပ်ဆောင်နေသော မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုအား တစ်နှစ်အလှည့်ကျရပ်စဲမှုကို အပြီးအပိုင်ပြုလုပ်မည်/မလုပ်မည်နှင့်ပတ်သက်ပြီး စဉ်းစားသုံးသပ်နေကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့မှု အပြီးအပိုင်ရပ်စဲလိုက်ပါက မြန်မာနိုင်ငံအတွင်းသို့ အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု လှိမ့်၍ဝင်ရောက်လာမည်မှာ သေချာကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့တာဝန်ယူလိုက်ကတည်းက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရလာပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂျီဒီပီ ၇ ဒသမ ၈ ရာခိုင်နှုန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊ General Electric ကုမ္ပဏီနှင့် Coca Cola ကုမ္ပဏီအပါအဝင် အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် အပြိုင်အဆိုင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လျက်ရှိရာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်အတွင်း ဒေါ်လာ ၆ ဘီလီယံသို့ ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း၊ ထို့အတူ ၂၀၂၀ ခုနှစ်တွင် ဒေါ်လာ ၈ ဘီလီယံနှင့် ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၁၁ ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်က ရှိခဲ့သော ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၃၃၀ နှင့် နှိုင်းယှဉ်ပါက များစွာတိုးတက်လာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယခုနှစ်အတွင်း ဆက်သွယ်ရေးကဏ္ဍ၌ ၄၇ ရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းထားလျက်ရှိရာ ယင်းဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ စတော့အိတ်ချိန်းသစ်ကိုလည်း လာမည့်လတွင် စတင်တော့မည်ဟု သိရကြောင်း၊ မိုဘိုင်းဖုန်းများကို ဒေါ်လာ ၄၀ အောက်နိမ့်သော ငွေကြေးပမာဏဖြင့် မြန်မာပြည်သူများ ဝယ်ယူသုံးစွဲနိုင်ကြပြီဖြစ်ရာ ၂၀၁၈ ခုနှစ်တွင် အိမ်ထောင်စုတိုင်း စမတ်ဖုန်းများကို သုံးစွဲနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

**ကျော်သဲအိမ်**

# ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တန်ဖိုးသင့်နေအိမ်များ၊ ငွေသားနှင့် အဝတ်အထည်များလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကဦးစီးပြီး ချင်းပြည်နယ် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တန်ဖိုးသင့်နေအိမ်များ၊ ငွေသားနှင့် အဝတ်အထည်များ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်မိသားစုများနှင့် ပြည်တွင်း/ပြည်ပကုမ္ပဏီ စေတနာရှင်များက အလှူငွေများကိုပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါလှူဒါန်းပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကဦးစီးပြီး ချင်းပြည်နယ် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူရှင်မိသားစုများနှင့် ပြည်တွင်း/ပြည်ပကုမ္ပဏီ စေတနာရှင်များက နေအိမ်(အကြီး) ၈၄ လုံးအတွက် မြန်မာငွေကျပ် ၃၇၂၉ ဒသမ ၆ သိန်း၊ နေအိမ်(အသေး) ၂၇ လုံးအတွက် မြန်မာငွေကျပ် ၁၀၀၉ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ် ၄၁၁၀ ဒသမ ၁၂ သိန်း စုစုပေါင်း မြန်မာငွေကျပ် ၈၈၄၉ ဒသမ ၅၂ သိန်း၊ အမေရိကန်ဒေါ်လာ တစ်သိန်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၆ သိန်းခန့် တန်ဖိုးရှိသည့် အဝတ်အထည်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ရှမ်းပြည်နယ် အင်းလေး၊ တောင်ကြီး၊ ကလော၊ ပင်းတယသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှုများပြား

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယခရီးစဉ်သည် ရန်ကုန်၊ မန္တလေး၊ ပုဂံတို့မှ ဟဲဟိုးလေဆိပ်သို့ လေကြောင်းဖြင့် လည်းကောင်း၊ အဝေးပြေးအဆင့်မြင့် ယာဉ်ကြီးများဖြင့်လည်းကောင်း၊ တာချီလိတ်၊ ကျိုင်းတုံ၊ ဟဲဟိုးလေကြောင်းခရီးစဉ်ဖြင့်လည်းကောင်း၊ တာချီလိတ်မှ တစ်ဆင့် နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်တန်း ခရီးစဉ်ဖြင့်လည်းကောင်း လွယ်ကူစွာဝင်ရောက်လည်ပတ်နိုင်သော ခရီးစဉ်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် ခရီးသွားများ လေ့လာနိုင်သော ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၉၅၀ ၌ တည်ရှိသည့် အင်းလေးကန်နှင့် အင်းတိုင်းရင်းသားလူမျိုးများ နေထိုင်မှုဓလေ့စရိုက် လက္ခဏာများ၊ ရိုးရာချည်ထည် ရက်ကန်းလုပ်ငန်းများ၊ ရွှေထည်ငွေထည် ပန်းထိမ်လုပ်ငန်းများ၊ ပန်းပဲလုပ်ငန်းများ၊ အိုးလုပ်ငန်းများ၊ ရေပျော်ဌက်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဆေးဖက်ဝင်သစ်ခွများ၊ တန်ခိုးကြီးဘုရားများ တည်ရှိသဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အလွန်ပင်ကြိုက်နှစ်သက်ကြပြီး ၂၀၁၂ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၆၀၀၁၇ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၉၇၄၉၆ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၂၀၄၅ ဦး၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ၉၆၉၉၃ ဦး လာရောက်လည်ပတ်ခဲ့ကြသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဖောင်တော်ဦးဘုရားတွင် လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-တင်မောင်လွင်)

တစ်ဆက်တည်း၌ပင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၇၁၂ ပေခန့်တွင်တည်ရှိပြီး သာယာလှပသောရှုခင်းများနှင့် အေးချမ်းဆိတ်ငြိမ်သော တောင်ကြီးမြို့သို့လည်းကောင်း၊ တောင်ကြီးမြို့မှ ၂၄ မိုင်ခန့်အကွာတွင် တည်ရှိသော ရှေးဟောင်းဘုရား ၂၄၇၈ ဆူကို တစ်နေရာတည်း၌ လေ့လာကြည့်ရှုနိုင်သည့် မွေတော်ကက္ကူဘုရားများအားလည်းကောင်း၊ တောင်ကြီးမြို့မှ ၄၄ မိုင်အကွာတွင် တည်ရှိသော ပုန်းတလုတ်ရေကန်နှင့် ရွှေဥမင်လိုဏ်ဂူသို့လည်းကောင်း၊ တောင်ပေါ်အပန်းဖြေမြို့အဖြစ် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၃၀၀ တွင်ရှိပြီး ခနော်၊ တောင်ရိုး၊ ပလောင်၊ ပအိုဝ်း၊ ရှမ်း၊ ဗမာများ စုပေါင်းနေထိုင်ကာ ထင်းရှူးတောများကို မျက်စိတစ်ဆုံး တွေ့မြင်နိုင်သော အေးချမ်း ဆိတ်ငြိမ်လှသည့် ကလောမြို့သို့လည်းကောင်း ခရီးစဉ်တစ်ဆက်တည်း လည်ပတ်ကြသဖြင့် ကလောဒေသသို့ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၈၁၇၅ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၀၁၁၀ ၊ ၂၀၁၄ ခုနှစ်တွင် ၁၁၀၄၈ ဦး၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ၁၂၅၆၁ ဦးတို့ လာရောက်လည်ပတ်ခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုများပြားစွာ လာရောက်လည်ပတ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျား/မအခြေပြု အကြမ်းဖက်မှုဖြစ်ရပ် စီမံခန့်ခွဲခြင်းသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကျား/မအခြေပြု အကြမ်းဖက်မှုဖြစ်ရပ် စီမံခန့်ခွဲခြင်းသင်တန်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၌ ဖွင့်လှစ်ကျင်းပသည်။

လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစန်းစန်းအေးက ကျား/မအခြေပြု အကြမ်းဖက်မှုဖြစ်ရပ် စီမံခန့်ခွဲခြင်းသင်တန်းကို လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ထမ်းဆောင်သူဝန်ထမ်းများအနေဖြင့် မိမိဝန်ဆောင်မှုပေးရသူများ၏ စိတ်ပိုင်းဆိုင်ရာခံစားမှုများနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုကြုံတွေ့ခံစားရပါက မည်သည့်ပံ့ပိုးမှုများပြုလုပ်ရမည်ကို ကောင်းစွာသိရှိနားလည်ပြီး ရပ်ရွာအတွင်း ကျား/မအခြေပြုအကြမ်းဖက်မှုဖြစ်ရပ် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်တန်းသား ၅၀ဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်-မြိတ်လမ်းပေါ်ရှိ လမ်းနှင့် တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်-မြိတ်လမ်း(မော်လမြိုင်-ရေး-မလွှဲတောင်)အပိုင်း၌ ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတားလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အေးကို ကုမ္ပဏီအပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သံဖြူဇရပ်မှ(ရေး-မလွှဲတောင်လမ်းအပိုင်း) တစ်လျှောက်လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး နယ်စပ်မလွှဲတောင်အပိုင်းတွင် လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လမ်းဘေး ဝဲ/ယာရေမြောင်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ တံတားအထူးအဖွဲ့(၁၄)မှ တာဝန်ယူတည်ဆောက်သည့် မိုင်တိုင်အမှတ်(၅၀/၀)အနီးရှိ တံတားအမှတ်(၄/၅၀) စခန်းကြီးတံတားနှင့် မိုင်တိုင်အမှတ် (၈၀/၀)အနီးရှိ တံတားအမှတ်(၁/၈၄)နှင့် ခုံ/တံတား တည်ဆောက်ပြီးစီးမှု၊ မော်လမြိုင်ခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တံတားချဉ်းကပ်လမ်းလုပ်ငန်းများတွင် စက်ယာဉ်ယန္တရားများဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကို သတ်မှတ်စံညွှန်းများနှင့်အညီ အောက်ခံမြေသား သိပ်သည်းမှုရရှိအောင် စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်တို့ မှာကြားသည်။ ယင်းနောက် မိုင်တိုင်အမှတ်(၅၅/၃)နှင့် (၅၅/၄)အကြားတွင် ကျောက်ခင်းပြီး ကတ္တရာလောင်းသည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် လမ်းဦးစီး/တံတားဦးစီး/မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲပြုလုပ်ရာ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြခြင်းအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

အဆိုပါ ကင်းမွန်(ခ)ပြည်ကြီးငါးကို ဖမ်းဆီးရာတွင် ငါးဖမ်းလှေ အရွယ်အစားအလိုက် တည်ဆောက်ပုံအမျိုးမျိုးဖြင့် ပြင်ဆင်ဖမ်းဆီးကြသော်လည်း လုပ်ငန်းသဘောသဘာဝမှာ တူညီကြသည်။ သီတင်းကျွတ်လမှစတင်ကာ ကင်းမွန်ဖမ်းလှေများ စတင်လုပ်ငန်းခွင် ဝင်ကြသည်။ လတစ်လ၏ လဆန်းရက်နှင့် လပြည့်ညများတွင် ကင်းမွန်များ ပေါ်လေ့မရှိဘဲ လဆုတ်၊ လကွယ်၊ လမိုက်ရက်ညပိုင်းများတွင် ပင်လယ်ထွက်ဖမ်းကြခြင်းဖြစ်သည်။

ဖမ်းဆီးပုံမှာ ငါးဖမ်းလှေတွင် ဝါးဘိုး ဝါးလုံးလက်တံများဖြင့် အလင်းအားကောင်းမွန်သည့် လျှပ်စစ်မီးသီးပေါင်းများစွာတပ်ဆင်ကာ လကွယ်ရက် ညအမှောင်ပင်လယ်ပြင်၌ လှေအတွင်းအသင့်ပါသည့် ဂျင်နရေတာဖြင့် လက်တံရှိမီးသီးများ ပင်လယ်ရေမျက်နှာပြင်နှင့် နီးကပ်စွာ ဖွင့်ထွန်းရာ ကင်းမွန်များ မီးရောင်အနီးသို့ စုပြုံရောက်လာစေရေးအတွက် လက်တံအစွန်မှစတင်၍ မီးသီးများ တစ်လုံးချင်းပိတ်ပြီး ကင်းမွန်အုပ်စုအား လှေအနီးသို့ နီးသထက်နီးလာစေရန် လှည့်စားခေါ်ယူကာ လှေလုပ်သားများက ပိုက်ကွန်ဖြင့် ခပ်ယူဖမ်းဆီးစုဆောင်း ဈေးကွက်သို့ ရောင်းချခြင်းဖြစ်သည်။

အရွယ်အစား အငယ်ဆုံးဖြစ်သည့် အလျား ပေ၂၀ ရှိ လှေငယ်တစ်စင်းလျှင် ပင်လယ်အတွင်း နှစ်ညအိပ်၊ သုံးရက်အတွင်း တစ်ကီလိုလျှင် တစ်ဒေါ်လာ၊ မြန်မာငွေကျပ် ၁၂၀၀ ကျော်ခန့် ပေါက်ဈေးရှိသည့် ကင်းမွန်ကီလိုချိန် ၁၅၀၀ ကျော်ခန့် အထိဖမ်းဆီးရမိပြီး ယင်းထက် အရွယ်အစား ပိုမိုကြီးမားသည့် လှေများတွင် ကီလိုချိန်များစွာ ဖမ်းဆီးရမိကြသဖြင့် မြို့တွင်းစားသုံးမှုဖူလုံသည့်အပြင် ထိုင်းနိုင်ငံငါးဈေးကွက်သို့ နိုင်ငံတော်အတွက် အခွန်အခများ ပေးသွင်းပြီး တင်ပို့ရောင်းချခြင်းဖြင့် ပင်လယ်စာဟင်းလျာအဖြစ် ဟိုတယ်နှင့် စားသောက်ဆိုင်များ၌ ဈေးကြီးပေး ဝယ်ယူစားသောက်ကြရသည့် ကင်းမွန်း(ခ)ပြည်ကြီး ငါးဖမ်းလှေရေလုပ်သားများ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။



# ယခုနှစ် မန္တလေးသို့ နိုင်ငံခြားခရီးသည်ဝင်ရောက်မှု လျာထားချက် သုံးသိန်း ပြည့်မီမည်ဟု ဟိုတယ်/ခရီးက ယုံကြည်နေ



**မန္တလေး နိုဝင်ဘာ ၁၆**

၂၀၁၅ ခုနှစ်တွင် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် သုံးသိန်းဝင်ရောက်ရန် လျာထားသတ်မှတ်ခဲ့ရာ ယမန်နှစ် ဧည့်သည်ဝင်ရောက်မှု၏ ကာလတူစာရင်းများနှိုင်းယှဉ်ချက်အရ ယခုနှစ်တွင် ၃၅ ဒသမ ၆၉ ရာခိုင်နှုန်း ပိုမိုဝင်ရောက်မှုရှိနေသဖြင့် လျာထားချက်အတိုင်း အပြည့်အဝဝင်ရောက်လိမ့်မည်ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ယုံကြည်လျက်ရှိကြောင်း ပြောကြားသည်။

“ဒီလတွေက ခရီးသွားရာသီအစပဲရှိသေးတာဆိုတော့ ဒီနှစ်မှာလည်း ရည်မှန်းထားတဲ့အတိုင်း ဝင်ရောက်နိုင်ပါတယ်”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မန္တလေးသို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ပြည်ပခရီးသည်ဦးရေ ၁၆၅၀၀၀ ဝင်ရောက်ခဲ့ရာမှ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၂၂၄၃၅၈ ဦး ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

မန္တလေးမြို့သို့ လာရောက်ကြသော နိုင်ငံခြားသားဧည့်သည်အများစုမှာ လေကြောင်းလိုင်းမှ တိုက်ရိုက်ဝင်ရောက်မှုအများဆုံးဖြစ်သည်။ ခရီးသည်များတွင် တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပြီး ထိုင်းက ဒုတိယလိုက်ပြီး ပြင်သစ်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံများက တတိယအများဆုံးအုပ်စုတွင် ပါဝင်သည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၄ ဒသမ ၅ သန်း ဝင်ရောက်ရန်လျာထားခဲ့ရာ အောက်တိုဘာလအထိ လေးသန်းခန့်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေးမြို့ တောင်သမန်အင်းအတွင်း ကမ္ဘာလှည့်ခရီးသွားများ ၄က်လှေစီး၍ လာရောက်လည်ပတ်နေမှုကို တွေ့ရစဉ်။**

# မြေအောက်ရေများဖြင့် မိတ္ထီလာမြို့နယ်၌ အဓိကထွက်ကုန်သီးနှံများ စိုက်ပျိုးလာနိုင်ကြပြီ

**မိတ္ထီလာ နိုဝင်ဘာ ၁၆**

နိုင်ငံတော်က ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်နှင့် မြို့ပြ လူမှုစီးပွားဘဝကွာဟမှု ကျဉ်းမြောင်းစေရေး၊ မြန်မာ့ကျေးလက်ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် ကျေးရွာချင်းဆက် လမ်းတံတားများ တည်ဆောက်ခြင်း၊ ခရိုင်ချင်းဆက်လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရေးအတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက နိုင်ငံတော်၏ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ မိုးနည်းရပ်ဝန်းဖြစ်သည့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ မြေအောက်ရေဖြင့် ရာသီမရွေး သီးနှံများ စိုက်ပျိုးနိုင်အောင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဦးဆောင်ပြီး တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၉၃ ရွာတွင် အဝီစိတွင်းပေါင်း ၃၅၀ ကျော် တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ရာ ယခင်က ဆည်ရေသောက်မရရှိသည့်အတွက် မိုးကိုသာမျှော်ပြီး တစ်သီးသာ စိုက်ပျိုးနိုင်၍ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့ရာမှ မြေအောက်ရေရရှိအောင် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပေးသောကြောင့် ရာသီမရွေး သီးနှံများ စိုက်ပျိုးနိုင်ရာ ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိသည်။



ရေအရင်းမြစ်အသုံးချရေးဦးစီးဌာန၏ ဦးဆောင်မှုနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိတ္ထီလာမြို့နယ်၌ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၉ ရွာ၌ အဝီစိတွင်းပေါင်း ၁၈၀ နှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာပေါင်း ၂၀ တွင် အဝီစိတွင်းပေါင်း ၁၂၈ တွင်းကို တူးဖော်ဆောင်ရွက်ပေးခဲ့ရာ အဆိုပါကျေးရွာများ၌ မြေအောက်ရေကို အသုံးပြု၍ တစ်နှစ်ပတ်လုံး သီးနှံများစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသောကြောင့် ဆည်ရေသောက်မရရှိသည့် အခြားကျေးရွာများက တောင်းဆိုမှုကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ညောင်ကိုင်း၊ ကန်တောင်၊ လျှော်ဖြူကန်၊ ရှမ်းတဲ၊ မောက်လောက်၊ ရုံးတော၊ မကျီးစု၊ ကံကြီး၊ ဇောင်းချမ်းကုန်း၊ ထမုန်ကန်၊ တောမ၊ မြာ၊ ဆည်အောင်၊ ကျောက်ဖြူကုန်း၊ မွေ၊ ခင်လူး၊ ကဖြူ၊ ကျောင်းရွာ၊ ကန်သာ၊ ညောင်ကန်၊ ကုက္ကိုကုန်း၊ ဝါရုံ၊ ကွက်ငယ်နှင့် ရွှေစစ်သည်ကျေးရွာအုပ်စုများမှ ကျေးရွာ ၃၄ ရွာ၌ နိုင်ငံတော်၏ ပံ့ပိုးမှုနှင့်ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် ရွှေကုန်းဘောင် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အဝီစိရေတွင်းပေါင်း ၅၀ လျာထားရာမှ ၃၅ တွင်း တူးဖော်ဆောင်ရွက်ပြီးစီး၍ ကျန်ရှိသည့် အဝီစိရေတွင်းများ ကို ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

မိတ္ထီလာမြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဦးဆောင်မှုဖြင့် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၉၃ ရွာများတွင် အဝီစိရေတွင်းပေါင်း ၃၅၀ ကျော် တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် အဆိုပါကျေးရွာများ၌ မြေအောက် ရေများဖြင့် စပါးခင်းများတွင် ဖြည့်စွက်ရေများအပြင် ကြက်သွန်၊ ငရုတ်၊ ဝါ၊ ပဲသီးစိမ်းနှင့် အခြားသီးနှံများကို တစ်ပိုင်းတစ်နိုင်စိုက်ပျိုးကြရာမှ တစ်နှစ်ပတ်လုံး စိုက်ပျိုးလာနိုင်ကြသဖြင့် မြို့နယ်၏ အဓိကထွက်ကုန်တစ်ခုအဖြစ် ပိုမိုစိုက်ပျိုးလာနိုင်သည့်အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်နှင့် မြေအောက်ရေရရှိအောင် ဦးဆောင်ပေးသည့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့ကို ဒေသခံများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မုံရွာဒေသတွင် ဆောင်းကြက်သွန်များစတင်စိုက်ပျိုး

**မုံရွာ နိုဝင်ဘာ ၁၆**

မုံရွာမြို့နယ်အတွင်း ကြက်သွန်စိုက်တောင်သူများ မိုးကြက်သွန်(ဥစိုက်)များ စိုက်ပျိုးပြီးစီးပြီး မကြာမီ ထွက်ရှိတော့မည်ဖြစ်သည့်အပြင် ဆောင်းရာသီစိုက် ကြက်သွန်(အပင်စိုက်)များကိုလည်း စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ် မြေနဲကျေးရွာမှ ကြက်သွန်စိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

“ဒီနှစ် ဆောင်းရာသီစိုက် ကြက်သွန်(အပင်စိုက်)ကို အများဆုံး စိုက်ပျိုးကြတယ်၊ ယခု လက်ရှိ ကြက်သွန်နီဈေးနှုန်းက ကောင်းတယ်၊ မိုးရာသီစိုက် ကြက်သွန်တွေက တစ်ပတ်အတွင်း မြစ်သားမြို့နယ်ဘက်က ဈေးကွက်ကို စရောက်တော့မယ်၊ ကျွန်တော်တို့ မုံရွာကတော့ နောက်သုံးပတ်လောက်ဆို ဈေးကွက်ကို စတင်ဝင်တော့မယ်၊ ယခုလည်း အချိန်မီ ဆောင်းရာသီကြက်သွန်တွေကို စစိုက်နေကြပြီ၊ ကျွန်တော်တို့ဒေသမှာက မိုးရာသီကြက်သွန်ထက် ဆောင်းရာသီ ကြက်သွန်ကို ပိုပြီးစိုက်တယ်၊ ဒေသမျိုးတွေကိုပဲ စိုက်ကြတယ်” ဟု မြေနဲကျေးရွာမှ ကြက်သွန်စိုက် တောင်သူ ဦးအောင်ထူးက ပြောသည်။

မုံရွာမြို့နယ်တွင် မိုးရာသီကြက်သွန်များကို မြေနဲ၊ အောင်သာ၊ မင်းရွာ၊ ထန်လေးပင်၊ နဂါးတွင်ကျေးရွာများတွင် အဓိကစိုက်ပျိုးကြပြီး ဆောင်းရာသီကြက်သွန်များကို အဆိုပါကျေးရွာများအပြင် လယ်ဇင်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများ၊ မုံရွာမြို့နယ် မြောက်ဘက်နယ်များဖြစ်သော အလုံ၊ ခံတော၊ ကျီကုန်း၊ ဖန်ခါးကျင်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# နိုဝင်ဘာ ၁၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၅၁၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၆၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၃၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၈၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၀၀၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၃၀ မှ ၂၅၀၀ |
| ၁၀ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၅၀ မှ ၂၈၅၀ |
| ၁၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၂၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀ မှ ၃၅၀၀ |
| ၁၃ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀ မှ ၉၀၀ |
| ၁၄ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၅၀၀ |
| ၁၅ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ |
| ၁၆ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၈၀၀ |
| ၁၇ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၃၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၆** - ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့၊ ဖလမ်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# မောင်တောမြို့နယ်တွင် တရားမဝင် ဝင်ရောက်နေထိုင်သူတစ်ဦး ပုန်းအောင်းနေသည့်နေအိမ်မှ လက်နက်များသိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သံဒါကျေးရွာအုပ်စု ဒုသံဒါကျေးရွာနေ ရှားအာလောင် (၂၈ နှစ်)၏နေအိမ်၌ နိုဝင်ဘာ ၁၅ ရက် ည ၁၂ နာရီခွဲခန့်က မသင်္ကာဖွယ်ရာလူစိမ်းတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ လှည့်ကင်းဆောင်ရွက်နေသည့် အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ကျေးရွာလုံခြုံရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ သွားရောက်စစ်ဆေးရာ နေအိမ်ဧည့်ခန်း၌ မြန်မာနိုင်ငံသားမဟုတ်သူ နူအာလောင်(၂၂ နှစ်)နှင့် အိပ်ခန်းအတွင်း၌ ရှားအာလောင်၏ ဇနီးနှင့် သားသမီးများကိုတွေ့ရှိရပြီး အိမ်ရှင်ရှားအာလောင်အား နေအိမ်မီးဖိုချောင်အတွင်း၌ ပုန်းအောင်းနေသည်ကို တွေ့ရှိခဲ့ရသည်။

ထို့နောက် နေအိမ်အား အသေးစိတ်ဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်အိပ်ခန်းအတွင်းရှိ အဝတ်သေတ္တာအောက်မှ Adidas တံဆိပ်ပါ အမည်းရောင်ခါးပတ်အိတ်နှင့်အတူ USA စာတန်းပါ အရှည်ရှစ်လက်မခန့်ရှိ ဆုံလည်ခြောက်လုံးပြူး လုပ်သေနတ် တစ်လက်၊ အရှည် လေးလက်မသံဖြင့် ပြုလုပ်ထားသည့် ဂျင်ကလိခြောက်ချောင်းနှင့် တစ်ဖက်နိုင်ငံသုံး ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးတို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရှားအာလောင်အား အလယ်သံကျော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ဆက်လက်၍ အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် အိမ်ရှင် ရှားအာလောင်၏ နေအိမ်ခြံဝင်းနှင့် နေအိမ်အတွင်း



အသေးစိတ်ထပ်မံရှာဖွေရာ နေအိမ်ရှေ့ရှိ ကွမ်းသီးပင်အောက်၌ ပီနံအိတ်ခွံဖြင့်ပတ်၍ မြေမြှုပ်ထားသော အရိုးရှစ်လက်မ၊ အသွားသုံးပေခန့်ရှိ ငှက်ကြီးတောင်ဓားတစ်ချောင်းကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# အရှိန်မထိန်းနိုင်သောယာဉ် လမ်းဘေးသစ်ပင်ကိုတိုက်မိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကံသစ်ကျေးရွာအနီး မုံရွာ-ရေဦးကားလမ်း မိုင်တိုင်အမှတ်(၉၈/၁-၂)ကြားတွင် နိုဝင်ဘာ ၁၃ ရက် ည ၉ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုတလင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါကားလမ်းအတိုင်း တောင်မှမြောက်သို့ ဒီပဲယင်းမြို့နယ် ပျံကျကျေးရွာနေ ဖိုးလုံး(ခ)သန့်ဇင်ဦး(၂၆ နှစ်) မောင်းနှင်လာသော 6G/---- အံစာတုံးအဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိသစ်ပင်ကို ဝင်ရောက်တိုက်မိသဖြင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် မုံရွာမြို့နေ ဒေါ်မူမူကြည် (၅၂ နှစ်)တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက်နေ ဦးကိုဦး(၄၈နှစ်)ပါလေးဦးနှင့် ဖိုးလုံး(ခ)သန့်ဇင်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း ဖိုးလုံး(ခ)သန့်ဇင်ဦးကို ဘုတလင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်က တန့်ယန်းမြို့ ရပ်ကွက်(၆) အုပ်စု ၂-ဃ၊ အမှတ်(၁၀)နေ မအေးပန်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၀ နှင့် မြန်မာငွေကျပ် ၀ ဒသမ ၆ သိန်းတို့ကို သိမ်းဆည်းရမိသည်။

အလားတူ နိုဝင်ဘာ ၁၅ ရက်က သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက် ဗလီလမ်း အမှတ်(၁၁)နေ ဇော်ဇော်အောင်(ခ)ဇော်ဇော်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက် သဇင်ပန်းလမ်း အမှတ်(၄၀)နေ ဝင်းထွန်း(ခ)စစ်မင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




# တစ်ယောက်တစ်ခွန်း စကားများရာမှ ရွာသားတစ်ဦးသေဆုံး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၆**

မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု အောင်သုခကျေးရွာနေ ကိုသန်းအောင်(၃၆ နှစ်)သည် ဇနီးဖြစ်သူ မခင်နှင်းကြည်နှင့်အတူ နိုဝင်ဘာ ၁၄ ရက်ည ၇ နာရီခွဲက ဆိုင်ကယ်ဖြင့် နေအိမ်သို့ ပြန်လာစဉ် စိုးညွှန့်(၃၈ နှစ်)နှင့် အပြန်အလှန်စကားများ ခိုက်ရန်ဖြစ်ပွားရာမှ ကိုသန်းအောင်မှာ ဒဏ်ရာများဖြင့် သတိလစ်နေခဲ့ပြီး သတိရ၍မေးကြည့်သောအခါ စိုးညွှန့်က ၎င်းကို သစ်သားတုတ်ဖြင့် ရိုက်ကြောင်း သိရပြီး ကိုသန်းအောင်ကို ည ၈ နာရီတွင် မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ဆေးရုံသို့ပို့စဉ် လမ်း၌သေဆုံးခဲ့သည့်အတွက် မော်လမြိုင်ကျွန်းမြို့မရဲစခန်းက စိုးညွှန့်ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ငွေကျပ်သိန်း ၉၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လူနှစ်ဦးဖမ်းဆီး

**မြဝတီ နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း နယ်မြေရဲတပ်ဖွဲ့က အိမ်စီးကားတစ်စီးကို ရပ်တန့်ရှာဖွေရာမှ ကွင်းဆက်ပေါ်လာပြီး စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၃၂၀၀၀ ကို သိမ်းဆည်းရမိကာ သံသယရှိသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို နိုဝင်ဘာ ၁၄ ရက်ကဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

နယ်မြေအတွင်း ကားဖြင့် မူးယစ်ဆေးဝါး ရောင်းချမှုရှိကြောင်း သတင်းအရ သက်န်းညီနောင်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်စိုးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်က လိုက်လံရှာဖွေမှုရာ သက်န်းညီနောင်မြို့သစ်(၉)လမ်းရှိ Toyota Wish ကားပေါ်မှ ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ရှာဖွေတွေ့ရှိခဲ့ရာ ယာဉ်ပေါ်၌တွေ့ရှိသူ သာယာကုန်းရပ်ကွက်နေ ထိန်လင်းအောင်(ခ) အငယ်လေး (၂၄ နှစ်)ကို ဖမ်းဆီးရမိခဲ့သည်။



ထို့နောက် စစ်ဆေးချက်အရ ယင်းနေ့ညနေတွင် ဘားအံမြို့နယ် ကော့စိန်ဘန်(အထက်) ကျေးရွာအုပ်စုရှိ မအေး(ခ)မူချိတ်ပလောင်၏နေအိမ်ကို နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်နှင့် သက်န်းညီနောင်နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်သက်စိုးဦးတို့က ပူးပေါင်းရှာဖွေရာ ကာလတန်ဖိုး ငွေကျပ် သိန်း ၃၆၀ တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၂၀၀၀ နှင့် ငွေကျပ် ငါးသိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် မအေး(ခ)မူချိတ်ပလောင် (၃၅ နှစ်)ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**


**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**
**ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ် ရဲတပ်ဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်ရဲတပ်ဖွဲ့၊ ဂျိတ္တောနယ်မြေရဲစခန်းဝင်းအတွင်းရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာသိလှောင်ရုံ အဆောက်အအုံဟောင်းသုံးလုံး (လုံးချင်း အမှတ် ၁/၂/၃)အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်(မြန်မာကျပ်ငွေ)ဖြင့် ရောင်းချလိုပါသည်။

**၁။ လေလံပုံစံ စတင်ရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၁၅ရက်
**၂။ လေလံပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၅ရက်
**၃။ လေလံပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သံတွဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး**
**သံတွဲမြို့၊ ဖုန်း-၀၄၃-၆၅၄၆၀**



**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထူးကုဆေးရုံကြီး(ဝေဘာဂီ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီး အထူးကုဆေးရုံကြီး(ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၅ရက်
၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၁၁-၂၀၁၅ရက် ညနေ ၄နာရီ

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး(ဝေဘာဂီ)**



**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ် ကျောင်းဆင်းများ နဝမအကြိမ်မြောက်အာစရိယပူဇော်ပွဲ ကျင်းပမည်**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သိပ္ပံ/တက္ကသိုလ်ကျောင်းဆင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၄-၁၂-၂၀၁၅ရက် ညနေ ၃နာရီနှင့် ကျောင်းဆင်းများတွေ့ဆုံပွဲကို ၅-၁၂-၂၀၁၅ရက် နံနက် ၉နာရီတွင် အောင်မြေဘုံသာ ရှမ်းကျောင်းတိုက်၊ ပြည်လမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးသိပ္ပံ/တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက်(၆၀)ပြည့်ပြီး ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများသည် ပူဇော်ကန်တော့ခံရန်နှင့် ကျောင်းဆင်းညီအစ်ကို မောင်နှမများ တွေ့ဆုံရန်အတွက် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းဆင်းများ တည်းခိုနိုင်ရန်အတွက် ၉ မိုင်၊ ရှမ်းကျောင်းတိုက်မှာ စီစဉ်ထားပါသည်။ အလှူငွေများကို အောက်ပါအမည်နှင့် ဖုန်းနံပါတ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ **ဦးကျော်လှ** ဖုန်း-၀၉-၅၁၂၇၃၉၄
၂။ **ဦးဆေးဘို** ဖုန်း-၀၉-၅၁၂၆၁၂
၃။ **ဒေါ်နန်းမိမိရည်** ဖုန်း-၀၉-၅၀၃၆၅၀၆
၄။ **ဒေါ်သန္တာဖြူ** ဖုန်း-၀၉-၄၃၀၈၄၄၈၈
၅။ **ဒေါ်ခင်မိုးကြိုင်** ဖုန်း-၀၉-၅၀၃၃၀၈၃
၆။ **ဒေါ်မီးငယ်** ဖုန်း-၀၉-၄၃၁၂၉၁၈၆



**မွေးသက္ကရာဇ် အမှန်**

ဂန့်ဂေါမြို့နယ်၊ မြင်းဇာရွာနေ ဦးတင်အောင်ညွှန့် ၈/ဂဂန(နိုင်)၀၅၁၆၆၇၏သား မောင်ကျော်လှိုင်မိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁-၁၉၉၈ ဖြစ်ပါကြောင်း။

**မောင်ကျော်လှိုင်မိုး**



**လူပျောက်ကြော်ငြာ**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စိန်ချယ်လမ်းနေ မောင်စိုးလင်း(ခ) ရှော်ဖီ(ဘ)ဦးကျော်မြင့် အသက်(၃၄)နှစ်သည် ရန်ကုန်သို့ စိတ်ကျန်းမာရေးအတွက် ဆေးကုသဖို့လာရင်း ၈-၁၀-၂၀၁၅ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **(ကျေးဇူးဆပ်ပါမည်။)**

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၉၅၉၅၂၈၈၆၊ ၀၉-၂၅၉၉၃၁၇၀၄**



**တိုက်ခန်းရောင်းမည်**

လေးထောင့်ကန်လမ်းမကြီးပေါ်၊ တာမွေလေးရပ်ကွက်၊ ၁၅ ပေ၊ ပေ ၅၀၊ ပထမထပ်၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ဂျိုးဖြူ၊ နံရံကပ်ဗီရို၊ အဲကွန်း ၁ဒသမ၅ (၂လုံး)၊ အိပ်ခန်း (၂)ခန်း၊ ပါကေးခင်း၊ အသင့်နေရုံ။ **(ညှိနှိုင်းဈေး) ကျပ်သိန်း ၈၅၀**
**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။**
**ဖုန်း-၀၉-၇၉၁၁၁၅၅၁၀**



**ဖခင်အမည်မှန်**

မြင်းခြံမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(A)မှ မောင်မင်းခန့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးယဉ်မောင်ထွန်း ၉/မခန(နိုင်)၀၄၇၈၃၅ ဖြစ်ပါကြောင်း။

**ဦးယဉ်မောင်ထွန်း**



**ဖခင်အမည်မှန်**

ဓမ္မာစရိယဘုန်းတော်ကြီးသင် ပညာရေးကျောင်း(တောင်ဒဂုံ) ပထမတန်းမှ မောင်လျှမ်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးတိုးအောင်ခိုင် ၁၂/ဒဂတ(နိုင်)၁၈၂၃၃၅ ဖြစ်ပါကြောင်း။

# လျှပ်စစ်ဓာတ်အား အလှည့်ကျဖြန့်ဖြူးမည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများသို့ ဓာတ်ငွေ့ဖြန့်ဖြူးပေးနေသော မုတ္တမပင်လယ်ကွေ့ရှိ ရတနာကမ်းလွန်ပလက်ဖောင်း (Off Shore)၏ Booster Compressor တစ်လုံးသည် နိုဝင်ဘာ ၁၅ ရက်တွင် ချွတ်ယွင်းရပ်တန့်သွားသောကြောင့် ဓာတ်ငွေ့ရရှိမှုကျဆင်းသွားခဲ့ရပါသဖြင့် ဓာတ်အားထုတ်လုပ်မှုမှာလည်း လျော့နည်းသွားခဲ့ရပါသည်။ ယင်း Booster Compressor ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေချိန်တွင် ဓာတ်အားအများဆုံးသုံးစွဲသည့် နံနက်ပိုင်း ၉ နာရီမှ ၁၀ နာရီခွဲအတွင်းနှင့် ညနေပိုင်း ၅ နာရီမှ ည ၈ နာရီခန့်အတွင်း မလုံလောက်သည့်ဓာတ်အားမဂ္ဂါဝပ် ၆၀ ခန့်အား အလှည့်ကျထိန်းညှိ၍ ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိသည်။

ယင်းသို့ အလှည့်ကျဓာတ်အားဖြန့်ဖြူးခြင်းကြောင့် မီးသုံးစွဲသူပြည်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဖုန်းဖြင့် လိမ်လည်မှုများ ပြန်လည်များပြားလာသည်ဟုသိရ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ အငြိမ်းစားကျောင်းဆရာမတစ်ဦးထံ တယ်လီဖုန်းဖြင့် ငွေကြေးတောင်းခံသည့် လိမ်လည်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး အိမ်လိပ်စာနဲ့ မှတ်ပုံတင်နံပါတ်တောင်းပါတယ်။ "----------" ထီဆိုင်ကနေ ဖုန်းဆက်တာပါဆိုပြီး ဖုန်းနံပါတ်တစ်ခုက ဖုန်းဝင်လာပါတယ်။ ကျွန်မကလည်း အဲဒီဆိုင်မှာ ထီထိုးထားတဲ့သူဆိုတော့ ရေခဲသေတ္တာမဲပေါက်လို့ လာပေးဖို့အတွက် တောင်းတာလို့ပြောပါတယ်။ ဆက်ပြောရင်းနဲ့ သူက သီတဂူဆရာတော်က ဒီရက်ပိုင်းမှာပဲ မင်းဓမ္မလမ်းက ကျောက်တော်ကြီးဘုရားမှာ အလှူပွဲအကြီးကြီးတစ်ခု လုပ်ဆောင်ဖို့ ရှိတယ်။ ထီဆိုင်က အဲဒီနေ့မှာ ကျပ်သိန်း ၁၅၀၀ ပေါက် မယ့် ထီလက်မှတ်ကိုပေးမယ်။ အဲဒီအတွက် ငွေကျပ် ၁၈ သိန်းကို တစ်ရစ်တည်းပေးရမယ်ဆိုပြီး ဆက်ပြောလာပါတယ်"ဟု လိမ်လည်ခံရသူ အငြိမ်းစားကျောင်းဆရာမက ပြောကြားသည်။

သို့သော် ထိုကဲ့သို့ဖြစ်စဉ်များကို မကြာခဏ ကြားသိနေကျဖြစ်သဖြင့် ဖုန်းဆက်လာသူအား ယခုကိစ္စကို သက်ဆိုင်ရာသို့ တိုင်ကြားဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ရာ ဖုန်းဖြင့်လိမ်လည်သူက အဆိုပါဖုန်းအား ပိတ်ထားကာ ပြန်လည်ဆက်သွယ်မရရှိတော့ကြောင်း သိရသည်။

မိုဘိုင်းဖုန်းများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူလာကြသောကြောင့် ဖုန်းဖြင့်လိမ်လည်မှုများ ပြန်လည်ပြုလုပ်လာခဲ့ပြီး ယင်းကဲ့သို့ ကံစမ်းမဲပေါက်ခြင်း၊ ထီပေါက်ခြင်းစသည့် လိမ်လည်မှုများဖြင့် နေအိမ်လိပ်စာများ တောင်းခံခြင်း၊ အမှတ်အသားများပြုလုပ်ကာ ဆက်သွယ်ခြိမ်းခြောက်ခြင်းတို့ လုပ်ဆောင်နေကြသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားမှု ပြန်လည်များပြားလာခဲ့ကြောင်း ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖုန်းဖြင့် လိမ်လည်သူအများစုမှာ အော်ရီဒူးဆင်းကတ်များ၏ ဖုန်းနံပါတ်မမြင်နိုင်အောင် လုပ်ဆောင်နိုင်သည့်စနစ်ကို အသုံးပြုကြပြီး ယင်းစနစ်ကြောင့် ဖုန်းနံပါတ်မပေါ်သည့် ဖုန်းခေါ်ဆိုမှုများကို လက်မခံသင့်ကြောင်း၊ ထီဆိုင်တွင်ပေးခဲ့သည့် ဖုန်းနံပါတ်မှ တစ်ဆင့် ဆက်သွယ်ခြင်းကြောင့် ထီဆိုင်တွင်လည်း တာဝန်မကင်းကြောင်း အိုင်တီပညာရှင်တစ်ဦးက အကြံပြုသည်။

**ဉာဏမိုးမြင့်**

# ရပ်ထားသောယာဉ်ငယ်စစ်ဆေးရာမှ ကျောက်စိမ်းတုံးများ အများအပြားဖမ်းဆီးရမိ

**နောင်ချို နိုဝင်ဘာ ၁၆**

နောင်ချိုမြို့ အရှေ့ဘက် မီးရထားသံလမ်းအကူး အနီးတွင် နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီက တိုယိုတာယာဉ်ငယ် ယာဉ်အမှတ် 5A/---- အဖြူရောင်အား mobile Team (၁)ဌာနစုံ ပူးပေါင်းအဖွဲ့က မသင်္ကာဖွယ် တွေ့ရှိသဖြင့် ယာဉ်ကိုစစ်ဆေးရာ ယာဉ်မောင်းအား မတွေ့ရှိ၍ ယာဉ်ကို စစ်ဆေးရေးဂိတ်သို့ မောင်းနှင်လာပြီး ပူးပေါင်းအဖွဲ့စုံတို့ကစစ်ဆေးကြရာ ယာဉ်ရှေ့ခန်းနှင့် နောက်ခန်းဝမ်းဗိုက်အတွင်းက ထည့်သွင်းသယ်ဆောင်လာသော တိပ်အဝါရောင်ပတ်လျက် ကျောက်စိမ်းတုံး၊ အကြီး၊ အသေး အရွယ်မျိုးစုံတို့ကို ရှာဖွေသိမ်းဆည်းရမိသည်။



သိမ်းဆည်းရမိသော ကျောက်စိမ်းတုံးများကို ဆက်လက်စစ်ဆေးဆဲဖြစ်ပြီး နောင်ချိုလရ(၁) စစ်ဆေးရေးဂိတ်မှသုံးရက်အတွင်း တရားမဝင် ကျောက်စိမ်းများ သယ်ဆောင်မှု သုံးမှုဖမ်းဆီးရမိကြောင်း သိရသည်။

**စိုးဝင်း**

# ဒိုင်နာယာဉ်အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျတိမ်းမှောက်၍ ၁၅ ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဆင်လမ်းကြီးကျေးရွာအုပ်စု ကုလားရိုးကုန်းတံတားအနီး ဓနုဖြူ-ကျုံပျော်ကားလမ်း မိုင်တိုင်အမှတ်(၁၆/၃)တွင် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ကျုံတနီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ဆင်လမ်းကြီးကျေးရွာမှ ကောက်ရိတ်အလုပ်သမား ၂၀ အား ဖျာပုံမြို့နယ် သမိန်ထောကျေးရွာသို့ သွားရောက်ပို့ဆောင်ရန် ဖျာပုံမြို့နယ် သိမ်ကုန်းပိုင်းကျေးရွာနေ လင်းလင်းထွဋ်(၃၇ နှစ်) မောင်းနှင်လာသော 2A/---- ဒိုင်နာအဖြူရောင်ယာဉ်မှာ အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် ဒေါ်တင်မြင့်(၃၃ နှစ်)ပါ ၁၅ ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျုံတနီးတိုက်နယ်ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း လင်းလင်းထွဋ်အား ကျုံတနီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပုသိမ်-မုံရွာကားလမ်းဘေး ပိန်းတောအတွင်း အမျိုးသမီးတစ်ဦးအား သတ်ခဲ့သူများကိုဖမ်းဆီးရမိ

**ပုသိမ် နိုဝင်ဘာ ၁၆**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းကုန်းပြင် စက်စက်ယိုကျေးရွာတွင် ရော်ဘာခြံလုပ်ကိုင်ရန် ရောက်ရှိလာသော မစန်းစန်းသင်း(ခ)မတူး (၂၉နှစ်)ကို သတ်ကာ ပုသိမ်-မုံရွာကားလမ်းဘေး ပိန်းတောထဲ၌ ထားရစ်ခဲ့သည့် ပြစ်မှုကျူးလွန်သူ နှစ်ဦးအား ၁၀ ရက်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ငါးသိုင်းချောင်းနယ်မြေရဲစခန်းက သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ခရိုင်ရဲတပ်ဖွဲ့နှင့် မှုခင်းအကူတပ်ဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် မျက်နှာ၊ ဦးခေါင်းဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသမီးတစ်ဦး အလောင်းတွေ့ရှိခဲ့မှုမှာ နိုဝင်ဘာ ၁၁ ရက်က စုံစမ်းပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ လဆန်းပိုင်းက စက်စက်ယိုကျေးရွာသို့ ဇော်လတ်(ခ)ကုလား၏ အဆက်အသွယ်ဖြင့် မစန်းစန်းသင်း ရောက်ရှိလာခြင်းဖြစ်ပြီး အောက်တိုဘာ ၃၁ ရက် ည ၇ နာရီခန့်တွင် ဇော်လတ်(ခ)ကုလားနှင့် ဇော်မျိုးနိုင်(ခ)မောင်မောင်တို့က သေဆုံးသူအား နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဟုဆိုကာ ပုသိမ်-မုံရွာကားလမ်းအတိုင်း ခေါ်ဆောင်ခဲ့ရာ ဖွက်ထုတံတားအနီးတွင် ခရီးပန်းလာသဖြင့် သုံးယောက်အတူ အိပ်ခဲ့ကြောင်း၊ နံနက် ၅ နာရီတွင် ရန်ကုန်သို့သွားရန် ဇော်လတ်(ခ)ကုလားကပြောကြားရာ သေဆုံးသူကငြင်းဆိုသဖြင့် ၎င်းတို့နှစ်ဦးကသစ်သားချောင်းဖြင့် ရိုက်နှက်ခဲ့ရာမှ မစန်းစန်းသင်း(ခ)မတူးမှာ နေရာ၌ပင်သေဆုံးသွားခဲ့သဖြင့် ဖွက်ထုတံတားနှင့် ၁၅ ပေအကွာ ပိန်းတောထဲ၌ ဝှက်ထားခဲ့ကြပြီး ၎င်းတို့နေထိုင်ရာ လပွတ္တာမြို့သစ် ဗိုင်းထောင့်ချောင်းကျေးရွာသို့ ပြန်လည်တိမ်းရှောင်နေခြင်းဖြစ်ကြောင်း ပြစ်မှုကျူးလွန်သူများအား စစ်မေးချက်အရ သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းဖော်ထုတ်ခဲ့ရာ ၁၀ ရက်အကြာတွင် ဖမ်းဆီးရမိခဲ့ပြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းနယ်မြေရဲစခန်းမှ ရဲအုပ်ကျော်စိန်လှိုင်က တရားစွဲဆို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၈ဆ/၄၀၈၉၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## အမည်ပြောင်း

ဦးသူရအောင်-ဒေါ်လွင်မာခိုင်တို့၏သမီး ကြို့ပင်ကောက်မြို့၊ ဗောဓိရက္ခ အလက ပထမတန်း (A)မှ မထက်အိသူရအား မထက်အိန္ဒြာသူရဟု ပြောင်းလဲခေါ်ပါရန်။

**မထက်အိန္ဒြာသူရ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၁၊ မြေကွက်အမှတ် ၄၅၅၊ ဦးစိုးအမည်ပေါက် ပါမစ်မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန္ဒာကျော်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးခင်မောင်မြင့် ၉/ဝတန(နိုင်)၀၅၆၄၆၅၊ နဘဲကန်စံပြကျေးရွာ၊ ဝမ်းတွင်းမြို့နယ်နေသူသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက် သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထားနွယ်ခင် (LL.B, D.I.R, D.I.L)**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**ရှေ့နေနားနေခန်း၊ ဒဂုံတောင်တရားရုံးအတွင်း**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၇၃၀၂၇၂၀၄**

**ဦးကျော်မိုးလွင် (LL.B, D.I.L)**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L)**
**ဒေါ်ထွေးဇာခြည် (LL.B, D.B.L)**
**(အထက်တန်းရှေ့နေများ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)**

**တာမွေမြို့နယ်တရားရုံး**

**၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၃**

ဒေါ်သူသူအေးအောင် **နှင့်** ဦးပြည့်စုံဖြိုး
**တရားလို** **တရားပြိုင်**

သာသနာ့တံခွန်ကျောင်းတိုက် ခြောက်ထပ်ကြီးဘုရားဝင်း၊ ဘုရားကြီးတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ ဦးပြည့်စုံဖြိုး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက လင်မယားကွာရှင်းပြတ်စဲစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၇ ရက်(၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသော သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးမြတ်သူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တာမွေမြို့နယ်တရားရုံး**

## ကုမ္ပဏီတံဆိပ်အမှတ်အသားများအား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်စတော့အိပ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်သည် အောက်တွင်ဖော်ပြထားသော တံဆိပ်အမှတ်အသားများအား ကုမ္ပဏီ၏မူပိုင်အဖြစ် အသုံးပြုနိုင်ရန် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၁၃၇၃၈/၂၀၁၅)ဖြင့် ၂၆-၁၀-၂၀၁၅ရက်၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အဆိုပါတံဆိပ်အမှတ်အသားများအား အရွယ်အစားအမျိုးမျိုး ပြုလုပ်ကာ ကုမ္ပဏီဆိုင်းဘုတ်၊ ခေါင်းစီးစာတန်း(Letter Head)၊ ကုမ္ပဏီမှ ထုတ်ဝေမည့် အသိပညာပေးစာအုပ်စာတမ်းများ၊ စာရွက်စာစောင်များ၊ လက်ကမ်းကြော်ငြာများ၊ တီဗွီ၊ မဂ္ဂဇင်း၊ ဂျာနယ်များ၊ ဘလောက်တံဆိပ်တုံးများ၊ Bill Board များ၊ ကုမ္ပဏီမှ ပြုလုပ်မည့် ဆွေးနွေးပွဲများ၊ အခမ်းအနားများ စသည့် သင့်လျော်ရာနေရာအသီးသီးတွင် အသုံးပြုမည်ဖြစ်ပြီး ရန်ကုန်စတော့အိပ် ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်နှင့် ဆက်နွယ်သည့် Website, Internet, Facebook စသော အီလက်ထရွန်းနစ်ဆိုင်ရာ ဆက်သွယ်ရေးနည်းလမ်းများတွင်လည်း အသုံးပြု သွားမည်ဖြစ်ပါသည်။

**တံဆိပ်အမှတ်အသား(၁)** YSX

**တံဆိပ်အမှတ်အသား(၂)** YANGON STOCK EXCHANGE

သို့ဖြစ်ပါ၍ ဖော်ပြပါတံဆိပ်အမှတ်အသားများအား ရန်ကုန်စတော့အိပ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်၏ခွင့်ပြုချက်မရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တစ်စိတ်တစ်ဒေသဖြစ်စေ၊ ပုံတူကူးချ၍ဖြစ်စေ ယူဆောင်သုံးစွဲခြင်း၊ ဆင်တူယိုးမှားပြုလုပ်သုံးစွဲခြင်း၊ အတုအပပြုလုပ်ခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်နေကြောင်း တွေ့မြင်သိရှိရပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့မသမာမှုများ ပြုလုပ်ခဲ့သည့်အတွက် တံဆိပ်အမှတ်အသားများ၏တစ်ဦးတည်းမူပိုင်ဖြစ်သူ ရန်ကုန်စတော့အိပ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်တွင် နစ်နာမှုတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက နစ်နာကြေး၊ လျော်ကြေးများပေးဆောင်ရန် တရားရုံးတော်မှတစ်ဆင့် တရားစွဲဆို တောင်းခံသွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်စတော့အိပ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်**

# ပွင့်လင်းရာသီ အလှူ မင်္ဂလာဆောင်များမှ အသံချဲ့စက်သံများကြောင့် အနှောင့်အယှက်ဖြစ်ရ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဝါကျွတ်ပြီဖြစ်၍ မင်္ဂလာဆောင်များ ပေါ်များလာသည့်နည်းတူ တန်ဆောင်တိုင်ပွဲတော်နှင့်ကထိန်ပွဲ နီးကပ်လာပြီဖြစ်သဖြင့် ရပ်ကွက်/ကျေးရွာများတွင် ဆောင်းဘောက်များ၊ စပီကာများဖြင့် နေ့ရောညပါ ကျယ်လောင်စွာ အပြိုင်အဆိုင်ဖွင့်နေကြခြင်းကြောင့် သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးအားနည်းသူများ၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ စိတ်အနှောင့်အယှက်များစွာဖြစ်ရကြောင်း သိရသည်။

“ဘာသာရေးပွဲတော်နဲ့ မင်္ဂလာဆောင်အခမ်းအနား၊ ကထိန်ပွဲအတွက် အလှူခံတာကိုလက်ခံပါတယ်။ ထော်လာဂျီ၊ ကားပေါ်မှာ ဆောင်းဘောက်ကြီးတွေ တင်ပြီး နှလုံးခုန်ရပ်သွားမတတ် သီချင်းမျိုးစုံ အသံကုန်ဖွင့်လှည့်လည်နေတာ၊ ပုံမှန်အသံလေးနဲ့ ကုသိုလ်ယူရင် ပြည်သူလည်း စိတ်ချမ်းသာမှာပါ။ လှိုင်သာယာမြို့နယ်မှာ များသောအားဖြင့် လက်လုပ်လက်စားတွေနေထိုင်ကြတာမို့ ဆန္ဒကိုဦးစားပေးလွန်းကြတယ်။ ပတ်ဝန်းကျင်ကို ထည့်မတွက်ကြဘူး။ နိုင်ငံရဲ့ဖြစ်စဉ်နဲ့ လက်ရှိ ဒီမိုကရေစီလမ်းကြောင်း အနေအထားကို နားလည်ကူညီဖို့ လိုတယ်။ လွှတ်တော်က ပြည်သူတွေအတွက် အသံပိုင်း၊ အနံ့ပိုင်းဆိုင်ရာကို ပြဋ္ဌာန်းပြီးသား။ လေးစားလိုက်နာဖို့လိုသလို တာဝန်ရှိသူတွေကလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့လိုတယ်။ နှလုံးခုန်ရပ်မတတ် အသံဆူညံအောင် သူတို့က ဖွင့်ပြီးသွားတယ်။ ကျန်ခဲ့တဲ့ သက်ကြီးရွယ်အိုတွေ နောက်မှာ ဘယ်လိုဖြစ်ကျန်ခဲ့တယ်ဆိုတာ သူတို့မသိဘူး။ တစ်လလုံး ဒီဒဏ်ကိုခံရမှာတွေးပြီး စိတ်ညစ်နေကြတယ်”ဟု မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဥက္ကဋ္ဌ ဦးလွင်က ပြောသည်။

သီတင်းကျွတ်ပြီဖြစ်၍ မင်္ဂလာဆောင်များလည်း နေ့စဉ်များပြားလျက်ရှိရာ ဆောင်းဘောက်ဖြင့် အသံကျယ် နှလုံးတုန်ခါစေသည် အထိဖွင့်နေသောကြောင့် ရပ်ကွက်နေပြည်သူတို့ တားမြစ်ပြောဆိုရန် အခက်အခဲရှိနေသည့်အပြင် ညပိုင်း ၁၂ နာရီအထိ ကာရာအိုကေ ကျယ်လောင်စွာ သီဆိုကြလျက်ရှိရာ အမှတ်(၁၄)ရပ်ကွက်မှ ရပ်မိရပ်ဖ တစ်ဦးက “လူမှုရေးကို အားလုံး နားလည်လက်ခံကြတယ်။ အလှူခံ နှစ်ခုပြိုင်ပြီး ဆောင်းဘောက်အသံ အကျယ်ကြီး တစ်နေကုန် နံနက် ၆ နာရီမှစပြီးဖွင့်တယ်။ မင်္ဂလာဆောင် ညပိုင်း ၁၂ နာရီအထိ ကာရာအိုကေ ဆိုကြတယ်။ စက်ရုံအလုပ်သမားတွေ၊ ကျောင်းသားတွေ၊ သက်ကြီးရွယ်အိုတွေကို အားနာသင့်တယ်။ တစ်ရက်ထဲတောင် ဒုက္ခခံစားရတာ၊ နေ့တိုင်း တစ်နေရာတည်းထိုင်ပြီး ဆောင်းဘောက်အသံ ဟိန်းနေအောင်ဖွင့်တာကို ခံစားနေရတဲ့ ရပ်ကွက်ပြည်သူတွေကို စာနာသနားသင့်တယ်” ဟု ပြောကြားသည်။



နေ့စဉ် လမ်းတစ်လမ်းတွင် အလှူခံ ၃၀ ထက်မနည်း အသံဆူညံစွာဖြင့် လှည့်လည်လျက်ရှိပြီး ပြည်သူများ စားဝတ်နေရေးအတွက် ရုန်းကန်နေရချိန်တွင် စိတ်ပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာထိခိုက်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် လှိုင်သာယာပြည်သူများ မျှော်လင့်တောင့်တလျက်ရှိကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**



**မိုးကောက်မြို့နယ် လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁၇) လမ်းမကို နိုဝင်ဘာ ၁၃ ရက်က ကွန်ကရစ်လမ်းသစ်ခင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။** (အဆိုပါလမ်းမှာ အရှည်ပေ ၉၀၀၊ အကျယ်ပေ ၂၀ ရှိပြီး ငွေကျပ်သိန်း ၄၀၀ ကုန်ကျမည်ဖြစ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ရပ်မိရပ်ဖနှင့်အလှူရှင်များ ကိုယ့်အားကိုယ်ကိုး စုပေါင်းလှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။) **ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်က တမူးမြို့ ဈေးတန်းရပ်ကွက်(၃) စစ်မှုထမ်းဟောင်းတိုက်တန်း အခန်း(၀၃)ရှိ ရဲအောင်၏ ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ ပီနံအိတ် ၄၀ ဖြင့်ထည့်လျက် ကဖင်းအလေးချိန် ၉၆၀ ကီလိုကိုလည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်က မြဝတီမြို့နယ်၊ သဃ်န်းညီနောင်ကျေးရွာ မြို့သစ်(၉)လမ်း၏ ယာဘက်ဘေးတွင် ရပ်ထားသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ထိန်လင်းအောင်(ခ)အငယ်လေးအား တွေ့ရပြီး ယာဉ်၏အလယ်ခန်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘားအံမြို့နယ် ကော့စိန်ဘန်(အထက်)ကျေးရွာနေ မအေး(ခ)မူချိုတ်ပလောင်၏နေအိမ်ကို သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် မြန်မာငွေကျပ်ငါးသိန်းတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်က လွယ်ခန်ကျေးရွာဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ ယော်စေမောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



ရဲအောင်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# စားပွဲတင်တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲ တနင်္သာရီမြို့၌ကျင်းပ

**တနင်္သာရီ နိုဝင်ဘာ ၁၆**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ မြို့နယ်အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာကော်မတီ TSDP ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ TSDP ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် ညနေ ၃နာရီခွဲက ကျင်းပခဲ့သည်။

TSDP ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားကစားသမား ၁၀ ဦးက နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှ စတင်ကာ တစ်ဦးချင်း ရှုံးထွက်ပွဲစဉ်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး၊ ပထမဆုရ ကိုနိုင်လွင်ဦး၊ ဒုတိယဆုရ ကိုသိန်းထွန်းနှင့် တတိယဆုရ ကိုကျော်မင်းတို့အား မြို့နယ်အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ (ကိုယ်စား) အတွင်းရေးမှူး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနည်းစနစ်မှူးဦးဝင်းဇော်နှင့် ကော်မတီဝင်များက TSDP ကော်မတီမှ ချီးမြှင့်သော ဆုတံဆိပ်နှင့် ဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

မြို့နယ်အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်မြင့်မားစေရန် ရည်ရွယ်လျက် လစဉ်အားကစားနည်းအလိုက်ပြိုင်ပွဲငါးမျိုးကို ကျင်းပပေးပြီးဖြစ်ကြောင်းနှင့် လာမည့် ဒီဇင်ဘာလတွင် ၂၃ နှစ်အောက် အမျိုးသား ရပ်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း မြို့နယ်အား/ကာ ဦးစီးဌာနနည်းစနစ်မှူး ဦးဝင်းဇော်က ပြောပြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# တစ်ဖက်နိုင်ငံသို့ပို့ဆောင်မည့် ကျောက်စိမ်းတုံးဖြတ်စအရွယ်မျိုးစုံ ဖမ်းဆီးရမိ

**နောင်ချို နိုဝင်ဘာ ၁၆**

နောင်ချိုမြို့ အရှေ့ဘက် တရားမဝင်ကုန်ပစ္စည်းများ အကောက်ခွန်မဲ့ပစ္စည်းများ တရားမဝင်နည်းလမ်းများဖြင့် အသုံးပြု ဆောင်ရွက်လျက်ရှိရာ နောင်ချိုမြို့ ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်နေကြသော Mobile Team လှုပ်ရှားအဖွဲ့(၁)၊ ဌာနစုံပူးပေါင်းအဖွဲ့တို့သည် နိုဝင်ဘာ ၁၄ ရက်က မန္တလေး-မူဆယ်ကားလမ်းကြောင်း



တစ်လျှောက် ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်များကို စစ်ဆေးဆောင်ရွက်နေစဉ် မန္တလေးဘက်မှ မူဆယ်မြို့သို့ မောင်းနှင်လာသည့် အဖြူရောင်ယာဉ်ဗင်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏ဝမ်းဗိုက်အတွင်း ကျောက်စိမ်းတုံးဖြတ်စ အရွယ်စုံ အလေးချိန် ကီလို ၄၃၀၊ တန်ဖိုးငွေကျပ် ၄၃၀၀၀၀၀ ကို ရှာဖွေသိမ်းဆည်းရမိသည်။

ဆက်လက်၍ မန္တလေးဘက်မှ မူဆယ်မြို့ဘက်သို့ မောင်းနှင်ထွက်ခွာလာသည့် မတ်တူးအဖြူရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ကျောက်စိမ်းအလေးချိန် ၉၅ ကီလို တန်ဖိုး ငွေကျပ် ၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ယာဉ်မောင်းများ ထွက်ပြေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ငွေကျပ် ၁၇ သိန်းပေးဆပ်ရန်ရှိသဖြင့် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**ဖြူး နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ မြို့မအရှေ့ရပ်ကွက် ထန်းတပင်(၂)လမ်းနေ ဦးသန်းတင့် (၄၉ နှစ်) အပ်ချုပ်စက်ပြင်သူသည် နိုဝင်ဘာ ၁၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ကြိုးဆွဲချသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးသန်းတင့် ပန်းကမ္ဘာစတိုးနေအိမ်ခြံဝင်းအတွင်းရှိ အပ်ချုပ်စက်ပြင်ခန်း၏ အနောက်ဘက် ၁၂ ပေခန့်မြင့်သော သွပ်မြားတန်းမှ ၁၀ ပေခန့်ရှည်သော အဝါပလတ်စတစ်ကြိုးဖြင့် ကြိုးဆွဲချသေဆုံးနေသည်ကို သားဖြစ်သူ ဟိန်းထက်အောင် (၂၄ နှစ်)က တွေ့ရှိ၍ ဖြူးဆေးရုံသို့ပို့အပ်ခဲ့ကြောင်း ဦးသန်းတင့်မှာ ပန်းကမ္ဘာစတိုးဆိုင်ပိုင်ရှင် ဦးကျော်လတ် (၅၁ နှစ်)ကို ငွေကျပ် ၁၇ သိန်းပေးဆပ်ရန်ရှိ၍ မိမိကိုယ်ကိုယ်သေချင်သည်ဟု အမြဲပြောလေ့ရှိကြောင်း ၎င်း၏ဇနီး ဒေါ်သန်းသန်းနိုင်က ပြောပြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြူးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်းသိရသည်။ **ဖြူး-မြင့်ဦး**

# မြန်မာ့ ပရိုင်းမိတ်

မောင်သာ(ရှေးဟောင်းသုတေသန)

**လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများသည် ကမ္ဘာမြေပေါ်တွင် သက်ရှင်နေထိုင်နေကြသည့် လူသားများ၏ မူလဇာစ်မြစ်ကို ဖော်ထုတ်လေ့လာမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။**

ဤကမ္ဘာမြေပေါ်တွင် လူသားများသည် မည်သည့်အချိန်တွင် မည်သို့ စတင်တည်ရှိခဲ့သည်ကို မလေ့လာနိုင်သေးမီ ၁၈ ရာစုအထိ ဘုရားသခင်က လူသားကို ဖန်တီးခဲ့သည်ဟူသည့် အယူအဆကို လက်ခံထားခဲ့ကြသည်။ ၁၈၅၆ ခုနှစ်က ဂျာမနီနိုင်ငံ၌ နင်းဒါသယ် (Neanderthal) အရိုးစု တစ်ခုကို တွေ့ရှိခဲ့ချိန်မှစ၍ အာရှ၊ ဥရောပ၊ အာဖရိကတို့တွင် လူမျိုးနွယ်၏ အရင်မူလကို ဖော်ထုတ်နိုင်မည့် အထောက်အထားများကို ရှာဖွေခဲ့ကြသည်။ ၁၈၅၉ ခုနှစ် တွင် ဗြိတိသျှ သဘာဝလောကသိပ္ပံပညာရှင် ချားစ်ဒါဝင်က 'မျိုးစိတ်တို့၏ မူလအစ' (The Origin of Spieces) စာအုပ်ကိုပြုစုထုတ်ဝေခဲ့ရာ ကမ္ဘာတစ်ဝန်း ပညာရှင်များအကြား အုတ်အော်သောင်းနင်းဖြစ်ခဲ့သည်။ လူသည် ဖန်ဆင်းခံဖြစ်သည်ဟူသော အစဉ်အလာအယူအဆမှ ခွဲထွက်ကာ လူသည် အဆင့်နိမ့်ကျောရိုးရှိ သတ္တဝါတစ်မျိုးမှ ဆင့်ကဲပြောင်းလဲ ဖွံ့ဖြိုးလာခြင်းသာ ဖြစ်ကြောင်း အယူအဆအသစ်တစ်ရပ်ကို ဒါဝင်က ဖော်ထုတ်ခဲ့သည်။ ချားစ်ဒါဝင်၏ စာအုပ်ထွက်လာချိန်တွင်ငြင်းကြခုန်ကြသော်လည်း နောက်ပိုင်းတွင် လူမျိုးနွယ်ဆင့်ကဲဖြစ်စဉ်ကို အတည်ပြုနိုင်မည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိလာခဲ့ကြသည်။

ပရိုင်းမိတ် (Primates) ဟု ခေါ်ဆိုသော ကျောရိုးရှိ သတ္တဝါမျိုးနွယ်တစ်ခုသည် လူသားများ ဖြစ်ပေါ်လာသည့် ဆင့်ကဲပြောင်းလဲမှု၏ မူလအစဟု ပညာရှင်များက ယူဆခဲ့ကြသည်။ ပရိုင်းမိတ်သည် လက်တင်ဘာသာ (Primus) မှ ဆင်းသက်လာသော ဝေါဟာရဖြစ်ပြီး ပထမဆုံးဟု အဓိပ္ပာယ်ရသည်။ သတ္တလောကတွင် ပထမဆုံး အသိဉာဏ်ဖွံ့ဖြိုးသော သတ္တဝါဟု ဆိုနိုင်သည်။ ပရိုင်းမိတ်သည် အဆင့်နိမ့် ပရိုင်းမိတ်နှင့် အဆင့်မြင့်ပရိုင်းမိတ်ဟု နှစ်မျိုးရှိရာ လူ၊ လူဝံ၊ မျောက်ဝံတို့သည် အဆင့်မြင့်ပရိုင်းမိတ်မှဆင်းသက်လာကြသည်။ ယေဘုယျအားဖြင့် အဆင့်နိမ့်ပရိုင်းမိတ်တွင် အံသွားသုံးချောင်းရှိပြီး အဆင့်မြင့်ပရိုင်းမိတ်တွင် အံသွားနှစ်ချောင်းရှိကြောင်း တွေ့ရှိခဲ့ကြသည်။

လူတူ ပရိုင်းမိတ် (Anthropoid Primates) များသည် ကမ္ဘာသစ်နှင့် ကမ္ဘာဟောင်းတွင် စတင်ဖြစ်ပေါ်ခဲ့သည်ဟု ဆိုကြပြီး ကမ္ဘာသစ်သည် တောင်နှင့်မြောက် အမေရိကတိုက်ဖြစ်၍ ကမ္ဘာဟောင်းသည် အာရှ၊ ဥရောပနှင့် အာဖရိကတိုက်ဖြစ်သည်။ လူ၊ လူဝံ၊ မျောက်၊ မျောက်ဝံများသည် ကမ္ဘာဟောင်းတွင်စတင်ဖြစ်ပေါ်ခဲ့သည်။ နို့တိုက်သတ္တဝါများ၏ မျိုးနွယ်စုဟု ယူဆကြသည့် ပီလိုင်ကိုစောတွားသွားသတ္တဝါငယ်များသည် လွန်ခဲ့သော နှစ်သန်း ၂၀၀ ဝန်းကျင်မှစ၍ ကမ္ဘာမြေပြင်ပေါ်တွင်ရှိခဲ့သည်။ ယင်းတို့သည် အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ကမ္ဘာသစ်မျောက်နှင့် ကမ္ဘာဟောင်းမျောက်ဟူ၍ နှစ်မျိုးကွဲပြားသွားခဲ့သည်။ ကမ္ဘာဟောင်းမျောက်များသည် လူသား မျိုးနွယ်နှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု ပညာရှင်များက ယူဆကြပြီး ကမ္ဘာဟောင်းမျောက်များသည် လွန်ခဲ့သော နှစ်သန်း ၃၀ မှ နှစ် ငါးသိန်းအတွင်း Homo Sapien ဟူသော ကနဦးလူသားများအဆင့်သို့ တိုးတက်လာခဲ့သည်။

သို့သော် လူနှင့်မျောက် ကွဲပြားခြားနားမှုသည် လူသား၏ မူလဇာစ်မြစ်ကိုလေ့လာမှုတွင် ကွင်းဆက်ပြတ်နေခဲ့ရာ ထိုပြတ်နေသည့်ကွင်းဆက် (Missing Link) ကို ၁၉၇၄ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ မနုဿဗေဒပညာရှင် ဒေါ်နယ်ဂျိုဟန်ဆင်သည် အီသီယိုးပီးယားနိုင်ငံတွင် ထူးခြားသော ပရိုင်းမိတ် အရိုးစုတစ်ခုကိုတွေ့ရှိခဲ့ရာ အရိုးစု၏ ၆၀ ရာခိုင်နှုန်းက ပျက်စီးနေခဲ့သည်။ ထိုပရိုင်းမိတ်ရုပ်ကြွင်းသည် အရပ်သုံးပေခွဲသာ မြင့်သော်လည်း ဒူးဆစ်များ၏ ဖွဲ့စည်းပုံ အနေအထားအရ လူ၏သွင်ပြင်လက္ခဏာအတိုင်း မတ်မတ်လမ်းလျှောက်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းပရိုင်းမိတ်ရုပ်ကြွင်းကို ဒေါ်နယ်ဂျိုဟန်ဆင်က လူစီဟုအမည်ပေးခဲ့သည်။

လူစီသည် လူတစ်ယောက်ထက် မျောက်တစ်ကောင်နှင့် ပိုတူနေပြီး လူစီရုပ်ကြွင်း၏သက်တမ်းသည် လွန်ခဲ့သော နှစ် ၃ ဒသမ ၉ သန်းဖြစ်သည်။ နောက်ပိုင်းတွင် အရိုးစုများ၊ ဦးခေါင်းခွံများကို အပြည့်အစုံ တွေ့ရှိခဲ့ကြသဖြင့် လူစီသည် လူနှင့်မျောက်အကြား ပျောက်ဆုံးနေသည့် ကွင်းဆက်ဟု ယူဆခဲ့ကြသည်။

အမေရိကန်သဘာဝသမိုင်းပြတိုက်မှ အော်လ်ဆင် (Olson) သည် ၁၉၀၆ ခုနှစ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အနီး ဆာဟာရသဲကန္တာရအစပ်ရှိ ဖာယွန်း၌ ပရိုင်းမိတ် မေးရိုးတစ်ခုကို တွေ့ရှိခဲ့သည်။ ယင်းရုပ်ကြွင်းကို Aegyptopithecus Zeuxis ဟု အမည်ပေးခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း ယေးလ်တက္ကသိုလ်မှ အယ်ဝင်ဆိုင်မွန် (Elwyn Simons) ဦးဆောင်သည့် အဖွဲ့က ယင်းရုပ်ကြွင်းနှင့် မျိုးတူ ဦးခေါင်းခွံ၊ အရိုးများနှင့် မေးရိုးများကို ထပ်မံတွေ့ရှိခဲ့သည်။ ထိုရုပ်ကြွင်းသည် လူနှင့်မျောက်တို့ စတင်ဖြစ်ပေါ်ခဲ့သော အစောဆုံး ပရိုင်းမိတ်မျိုးနွယ်ဖြစ်ပြီး သက်တမ်း နှစ် သန်း ၃၀ ဖြစ်သည်။

ပညာရှင်များက ပရိုင်းမိတ်ရုပ်ကြွင်းအဆင့်ဆင့်ကို တွေ့ရှိခဲ့သည့် အာဖရိကတိုက်ကို ဤကမ္ဘာပေါ်တွင် လူသားများစတင်ဖြစ်တည်ရာဒေသအဖြစ် ယူဆခဲ့ကာ လူမျိုးနွယ်၏ ပုခက်နေရာဟု တင်စားခဲ့ကြသည်။ လူနှင့်မျောက်ဖြစ်လာမည့် ကျောရိုးရှိ အဆင့်မြင့် ပရိုင်းမိတ်များသည် ဆင့်ကဲပြောင်းလဲခဲ့ပြီး အာဖရိကမှ ကမ္ဘာ့နေရာအနှံ့သို့ရောက်ရှိ ပျံ့နှံ့ခဲ့သည်ဟူသည့် အယူအဆ သီအိုရီ (Out of Africa Theory) တစ်ရပ်ဖြစ်ပေါ်လာခဲ့သည်။

သို့သော်လည်း ၁၉၉၄ ခုနှစ်က Nature မဂ္ဂဇင်း၌ တရုတ်နိုင်ငံတွင် တွေ့ရှိခဲ့သည့် သက်တမ်း နှစ်နှစ်သိန်းငါးသောင်းရှိသည့် ခေတ်လူ ဦးခေါင်းခွံသည် ခေတ်ပြိုင် အာရှသားများနှင့် ပုံသွင်တူညီနေကြောင်း ဖော်ပြချက်က ထိုသီအိုရီကိုပြောင်းလဲစေရန် အစပျိုးခဲ့သည်။ Science ဂျာနယ်တွင်လည်း အမေရိကန်နှင့် အင်ဒိုနီးရှားပညာရှင်များက ဂျာဗားကျွန်းတွင် တွေ့ရှိခဲ့သည့် ခေါင်းခွံရုပ်ကြွင်းများ၏ သက်တမ်းသည် မူလသတ်မှတ်ထားသည့် နှစ်တစ်သန်း မဟုတ်ဘဲ နှစ်နှစ်သန်းဖြစ်ကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။

အထောက်အထားအသစ်များ တွေ့ရှိခဲ့ခြင်းနှင့်အတူ ပညာရှင်များအကြား ငြင်းခုန်မှုများဖြစ်ပွားခဲ့ကာ အာဖရိက သီအိုရီကို စိန်ခေါ်မှုများ ပေါ်ပေါက်လာခဲ့သည်။ လူသားများသည် အာဖရိကမှ စတင်ပျံ့နှံ့ခြင်း မဟုတ်ဘဲ ကမ္ဘာ့နေရာအနှံ့တွင် တစ်ပြိုင်တည်း ဖြစ်ပေါ်နိုင်ခဲ့ကြောင်း အယူအဆများ ထွက်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် လူတူပရိုင်းမိတ်ရုပ်ကြွင်းကို ၁၉၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘူမိဗေဒ တိုင်းတာရေးဌာနမှ ဘူမိဗေဒပညာရှင် ဒေါက်တာ ကော့တာ (G.de.P. Cotter) က မကွေးတိုင်းဒေသကြီး ပုံတောင်ဒေသ မြိုင်မြို့နယ် ပန်းကန်ကျစ်ချောင်မှ စတင်တွေ့ရှိခဲ့သည်။ ကျစ်ချောင်ဟူသည်မှာ ရွှံ့စေးပြင်ကျယ်နေရာ (Clay Gully) ဖြစ်သည်။ အဆိုပါလူတူပရိုင်းမိတ်ရုပ်ကြွင်းသည် အံသွားနှစ်ချောင်းပါဝင်သော ဘယ်ဘက်အောက်မေးရိုး အပိုင်းအစတစ်ခုဖြစ်သည်။ ၁၉၂၇ ခုနှစ်တွင် အမေရိကန် သဘာဝသမိုင်းပြတိုက်မှ ဘူမိဗေဒပညာရှင် ဒေါက်တာဘာနမ်ဘရောင်း (Barnum Brown) သည် မုံရွာခရိုင် ပုလဲမြို့နယ် မိုးကောင်းရွာအနီးမှ ပရိုင်းမိတ် ရုပ်ကြွင်း အောက်မေးရိုးအပိုင်းအစတစ်ခုကို ထပ်မံတွေ့ရှိခဲ့သည်။ သို့သော်လည်း ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း အီဂျစ်နိုင်ငံတွင် သက်တမ်းနှစ် သန်း ၃၀ ရှိသည့် ရုပ်ကြွင်းကို တွေ့ရှိထားခဲ့သဖြင့် မြန်မာ့ပရိုင်းမိတ်များသည် ထင်ရှားခြင်းမရှိခဲ့ပါချေ။

၁၉၇၈ ခုနှစ် ဧပြီလတွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဦးဘမော်နှင့် ဘူမိဗေဒကျောင်းသူ ကျောင်းသားများသည် စစ်ကိုင်းတိုင်းဒေသကြီး ပုံတောင်ဒေသ မိုးကောင်းကျေးရွာအနီးမှ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းနှစ်ခုကို တွေ့ရှိခဲ့ကြသည်။ ဧပြီ ၁၂ ရက်တွင် ပုံတောင်ဂျီးယား ရုပ်ကြွင်းအံပွားကိုတွေ့ရှိခဲ့ပြီး ဧပြီ ၁၃ ရက်တွင် မိုးကောင်းဂျင်းနစ် ရုပ်ကြွင်းအံပွားကို တွေ့ရှိခဲ့ကြသည်။ ထိုနှစ်စက်တင်ဘာလတွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဦးသော်တင့်ကလည်း ပုံတောင်ဂျီးယား မေးရိုးအပိုင်းနှစ်ခုကို တွေ့ရှိခဲ့ပြန်သည်။

ဦးဘမော်နှင့် ဦးသော်တင့်တို့ တွေ့ရှိခဲ့သည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း လေးခုကို ၁၉၉၇ ခုနှစ်တွင် အမျိုးသားပြတိုက် (ရန်ကုန်)သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ကျောက်ဖြစ်ရုပ်ကြွင်းများကို ပိုမို ပြည့်ပြည့်စုံစုံရရှိစေရန် နိုင်ငံတော်အစိုးရက "ပုံတောင်ပရိုင်းမိတ် ရှာဖွေလေ့လာရေး အဖွဲ့"ကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းအဖွဲ့က ကျောက်ဖြစ်ရုပ်ကြွင်းလေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီး ယာရှည်ကျစ်ချောင်မှ သွားတန်းအပြည့်နီးပါး ပါရှိသော အောက်မေးရိုးတစ်စုံကို တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့သော ပရိုင်းမိတ်ရုပ်ကြွင်းနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့ရာ တက်ရောက်ခဲ့ကြသော ကျောက်ဖြစ် ရုပ်ကြွင်းပညာရှင်များ၊ ဘူမိဗေဒ ပညာရှင်များနှင့် မနုဿဗေဒပညာရှင်များက ယင်းရုပ်ကြွင်းများသည် လူတူပရိုင်းမိတ်များဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ဆက်လက်၍ ပုံတောင်ပရိုင်းမိတ် ရှာဖွေလေ့လာရေးအဖွဲ့သည် နိုင်ငံတကာ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များအား ဖိတ်ခေါ်၍ အဆင့်မြင့်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနလုပ်ငန်းများကို ပြုလုပ်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ-အမေရိကန်၊ မြန်မာ-ဂျပန်၊ မြန်မာ-ပြင်သစ် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာရေးအဖွဲ့များသည် ကွင်းဆင်းသုတေသနလုပ်ငန်းများကို ၁၉၉၈ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်တွင် ပုံတောင် ပရိုင်းမိတ်ရှာဖွေလေ့လာရေး လုပ်ငန်းကို စစ်မဟာဗျူဟာ လေ့လာရေးဌာနမှ လွှဲပြောင်းရယူကာ ပရိုင်းမိတ်ရှာဖွေလေ့လာရေး လုပ်ငန်းများကို ၂၀၀၅ ခုနှစ်မှ ယနေ့တိုင် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၇ သို့*





**ပရိုင်းမိတ် (Primates) ဟု ခေါ်ဆိုသော ကျောရိုးရှိ သတ္တဝါမျိုးနွယ်တစ်ခုသည် လူသားများ ဖြစ်ပေါ်လာသည့် ဆင့်ကဲပြောင်းလဲမှု၏ မူလအစဟု ပညာရှင်များက ယူဆခဲ့ကြ**

*စာမျက်နှာ ၁၆ မှ*

ထိုလေ့လာတွေ့ရှိမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြစေရန် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)၌ မြန်မာနိုင်ငံ ပုံတောင်ကျောက်လွှာစုနှင့် ဧရာဝတီကျောက်လွှာစုတို့ရှိ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့်ပတ်သက်၍ သုတေသနပြု လေ့လာတွေ့ရှိချက်များအကြောင်း ပြည်တွင်းပြည်ပ ပညာရှင်များ၏ ဟောပြောပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ပုံတောင်မှ တွေ့ရှိခဲ့ရသည့် ပရိုင်းမိတ်ရုပ်ကြွင်းများသည် အီယိုဆင်းသက်တမ်းကာလ မြေလွှာတွင်တွေ့ရှိခဲ့ရသဖြင့် သက်တမ်း နှစ်သန်း ၄၀ ရှိကြောင်း စစ်ဆေးအတည်ပြုခဲ့သည်။ ထိုစဉ်က ကမ္ဘာတွင် သက်တမ်းအရင့်ဆုံးဟု သတ်မှတ်ထားခဲ့သော ပရိုင်းမိတ်သည် သက်တမ်း နှစ် သန်း ၃၀ သာရှိသဖြင့် ပုံတောင်ပရိုင်းမိတ်ရုပ်ကြွင်းများက နှစ် ၁၀ သန်း စောနေပေသည်။

၁၉၇၉ ခုနှစ် မတ်လ ၂၁ ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် "လွန်ခဲ့သော နှစ်သန်း ၄၀ မှ အဆင့်မြင့် ပရိုင်းမိတ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံတွင်တွေ့ရှိပြီ " ဟူသည့်သတင်းက လူသား၏ ဇာစ်မြစ်မူလဌာနေကို အာဖရိကဟု ယူဆထားကြရာမှ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ပေးလိုက်သကဲ့သို့ ဖြစ်ပေသည်။ ထို့အတူပင် ၁၉၇၉ ခုနှစ် မေလ ၈ ရက်နေ့ထုတ် The Boston Globe သတင်းစာက "လူသားများ၏ ဇာတိနေရာ အာရှမှာတွေ့ပြီ" ဟု ခေါင်းစည်းတပ်ထားသည့် ဆောင်းပါးကို ဖော်ပြခဲ့သည်။ အေးရှားဝိခ်မဂ္ဂဇင်းက "မြန်မာ့မေးရိုးများက လာရာလမ်းကိုညွှန်ပြနေပြီ"ဟု လည်းကောင်း၊ တိုင်းမ်မဂ္ဂဇင်းက ၁၉၇၉ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် "မြန်မာ့အရိုးများက အာဖရိကဇာစ်မြစ်ကို စိန်ခေါ်လိုက်ပြီ" ဟု လည်းကောင်း ဖော်ပြခဲ့ကြသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလထုတ် Nature မဂ္ဂဇင်းကလည်း ကမ္ဘာပေါ်တွင်တွေ့ရှိပြီးသမျှ အဆင့်မြင့်ပရိုင်းမိတ်ရုပ်ကြွင်းများအနက် မြန်မာနိုင်ငံတွင်တွေ့ရှိခဲ့သည့် ပရိုင်းမိတ်ရုပ်ကြွင်းများသည် အစောဆုံးဖြစ်ကြောင်း အတည်ပြုဖော်ပြခဲ့သည်။

၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင်တွေ့ရှိခဲ့သည့် ပရိုင်းမိတ်သည် နှစ် ၄၂ သန်းရှိပြီဟု ထုတ်ပြန်ခဲ့သော်လည်း ယင်းပရိုင်းမိတ်သည် လူတူပရိုင်းမိတ်မဟုတ်သဖြင့် မြန်မာနိုင်ငံမှ တွေ့ရှိထားသည့် လူတူပရိုင်းမိတ်ရုပ်ကြွင်းသည် သက်တမ်းအရင့်ဆုံးဖြစ်ပေသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် စဉ်ဆက်မပြတ်သောမြန်မာ့ယဉ်ကျေးမှုသမိုင်းကိုဖော်ထုတ်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နေပြည်တော် အမျိုးသားပြတိုက်သစ်ကြီးတွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်းတစ်ခုကို ပြသထားသည်။ ယင်း ပြခန်းတွင် လူသားအစ မြန်မာကဟု ဂုဏ်ယူကြရမည့် လွန်ခဲ့သော နှစ်သန်း ၄၀ က ကျောက်ဖြစ်ရုပ်ကြွင်းများကို ပြသထားသည်ကို မြင်တွေ့နိုင်ပေသည်။

ရှေးဦးလူတူပရိုင်းမိတ်များသည် အာရှတိုက်၌ စတင်ဆင့်ကဲဖြစ်ပေါ်၍ နောက်ပိုင်းကာလများတွင် အာဖရိကတိုက်သို့ ရွှေ့ပြောင်းဝင်ရောက်ခဲ့သည်ဟူသောအချက်ကို Afrasia djijidae ကျောက်ဖြစ်ရုပ်ကြွင်းအား အခြေခံ၍ သက်သေပြနိုင်ဖွယ်ရှိကြောင်း ပြင်သစ်နိုင်ငံ ပွန်တီယာ တက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

လူသားမျိုးနွယ်၏အစကို ရှာဖွေဖော်ထုတ်ရာတွင် အလွန်အရေးပါသည့် လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံ ပုံတောင်ကျောက်လွှာစုများအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ရာတွင် ပုံတောင်ပရိုင်းမိတ်များသည် သက်တမ်းနှစ်ပေါင်း ၃၇ ဒသမ ၂ သန်းမှ နှစ်သန်း ၄၀ အတွင်း ရှိကြပေသည်။ ထိုသို့ရှေးကျသော လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံအတွင်း တွေ့ရှိရသည့်အတွက် လူသားမျိုးနွယ်အစသည် မြန်မာနိုင်ငံအပါအဝင် အာရှဒေသမှဖြစ်သည်ဆိုသော အဆိုသည် ပိုမိုခိုင်မာလာသည်နှင့်အမျှ လူသားအစ၊ မြန်မာကဟု ဂုဏ်ယူနိုင်ကြမည်ဖြစ်ပါပေသည်။

# ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆိုလာစနစ်သုံး အချက်ပြမီးများတပ်ဆင်

**ရေစကြို နိုဝင်ဘာ ၁၆**

ရေစကြိုမြို့တွင် တစ်နေ့တခြား တိုးပွားလာသော ယာဉ်အမျိုးမျိုးနှင့်အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသူ နည်းပါးသဖြင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယာဉ်အရှိန်လျှော့ဆိုလာစနစ်သုံး အချက်ပြမီးတိုင်များကို ရေစကြိုမြို့အဝင် ရွှေဂူကြီးဘုရားရှေ့တွင် လည်းကောင်း၊ မင်းကြီးလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံအနီး မြို့နယ်မီးသတ်တပ်ဖွဲ့ရှေ့တွင် လည်းကောင်း၊ မင်းကြီးလမ်းနှင့် ပင်လုံလမ်းဆုံအနီး မြန်မာ့ရှေ့ဆောင်ဘဏ်အနီးတွင် လည်းကောင်း၊ ခေတ်မီ အောင်မိုးပုံနှိပ်တိုက်အနီးတွင် လည်းကောင်း စိုက်ထူထားကြောင်း သိရသည်။

"အခုလို လမ်းလေးလမ်းဆုံရာ လမ်းဆုံမရောက်မီ ကိုက် ၁၀၀ ခန့်အကွာမှ ယာဉ်တွေကို အရှိန်လျှော့ဖို့ ဆိုလာစနစ်သုံးအချက်ပြမီးတိုင်တွေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စိုက်ထူပေးထားတာ အလွန်ကောင်းပါတယ်။ လူတွေကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းတယ်။ ဒါကြောင့် အခုလို အရှိန်လျှော့ သတိပေးအချက်ပြမီးတိုင်တွေ စိုက်ထူပေးတော့ ယာဉ်မတော်တဆမှုတွေလည်းလျော့၊ မြို့ပြအင်္ဂါရပ်နဲ့လည်းညီတဲ့အတွက် သဘောကျပါတယ်" ဟု ပြည်သူတစ်ဦးက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မြိတ်လေဆိပ်ရောက် လူကုန်ကူးခံရသူများအား မိဘထံအပ်နှံ

**မြိတ် နိုဝင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ တရင်းပါကျွန်း၌ လူကုန်ကူးခံရသူ မြန်မာရေလုပ်သား ၄၂ ဦးတွင် မြိတ်ခရိုင်အတွင်း နေထိုင်သူ ကိုးဦးပါဝင်ရာ ငါးဦးသည် နိုဝင်ဘာ ၁၃ ရက်က မြန်မာ့အမျိုးသားလေကြောင်းလိုင်းဖြင့် မြိတ်လေဆိပ်သို့ ရောက်ရှိလာရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး မိဘများထံ အပ်နှံပေးခဲ့ကြောင်း သိရသည်။

လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသူများမှာ မြိတ်မြို့ အထက်ရေပုန်းရပ်ကွက်တွင် နေထိုင်သူသုံးဦး၊ မြိတ်မြို့နယ် ပလုံးကျေးရွာတွင် နေထိုင်သူ တစ်ဦးနှင့် ပုလောမြို့နယ် အမှတ်(၄)ရပ်ကွက်တွင် နေထိုင်သူတစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။



လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသော ငါးဦးအပြင် ကျန်ရှိသောလေးဦးမှာမြိတ်မြို့နယ်မှ တစ်ဦး၊ ပုလောမြို့နယ်မှ တစ်ဦး၊ ကျွန်းစုမြို့နယ်မှတစ်ဦးနှင့် ပလောက်မြို့မှ တစ်ဦးတို့ဖြစ်ကြပြီး ၎င်းတို့သည် နိုဝင်ဘာ ၁၄ ရက်၌ မြိတ်မြို့သို့ ရောက်ရှိမည်ဖြစ်ကာ တာဝန်ရှိသူများက ၎င်းတို့၏မိဘများထံ ပြန်လည်အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တန်ဆောင်တိုင် ကြတ္တိကာပွဲတော်နှင့် ဆီမီးတစ်သိန်း ရေမျှောပွဲကျင်းပမည်

**ပုသိမ် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင် ကြတ္တိကာပွဲတော်နှင့် ဆီမီးတစ်သိန်း ရေမျှောပွဲကို နိုဝင်ဘာ ၂၆ ရက် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့် နေ့ဝင်ဆည်းဆာအချိန်၌ ပုသိမ်မြို့ မြို့တော်ခန်းမရှေ့ ရွှေခင်းသာရင်ပြင်ဆိပ်ကမ်း ငဝန်မြစ်အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပုသိမ်မြို့ တန်ဆောင်တိုင် ကြတ္တိကာသဘင်ပွဲတော်ကို သမိုင်းတွင်စေမည့် ရှင်ဥပဂုတ္တမထေရ်ဖောင်တော်ကို ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲအား တိုင်းရင်းသားပေါင်းစုံ အဆိုအကယိမ်းအဖွဲ့များ၊ ပုသိမ်တက္ကသိုလ်ပညာရေးကောလိပ်တို့မှ ကျောင်းသား ကျောင်းသူလေးများ၏ အဆိုအကများ စုံလင်စွာ လှေကြီးလှေငယ်အသွယ်သွယ်ဖြင့် ငဝန်မြစ်အတွင်းလိုက်ပါ၍ ဆီမီးမျှောပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပုသိမ်ဆိပ်ကမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ ဘာသာရေး ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များက မြန်မာ့ရိုးရာ မုန့်ပဲသရေစာများဖြင့် စတုဒိသာကျွေးမွေး လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# မံစီမြို့၌ ကျေးရွာချင်းဆက်တံတား တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မံစီ နိုဝင်ဘာ ၁၆**

မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်းဖြင့် ဟန်ထက်ကျေးရွာအုပ်စု ဟန်ထက်ကျေးရွာနှင့် ငွေ့ကြီးကျေးရွာချင်းဆက် သစ်သားတံတား အရှည်ပေ ၁၆၀ ကို ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ တည်ဆောက်နေမှုလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဌေးမြင့်နှင့် ဝန်ထမ်းများက နိုဝင်ဘာ ၁၂ ရက်၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# (၂၆)ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့ အကြိုပျော်ရွှင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ကျရောက်မည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်အရ (၂၆)ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် အကြိုကလေးများပျော်ရွှင်စွာကစားခြင်းကို နိုဝင်ဘာ ၁၅ ရက်က လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၌ ဆွစ်ဇာလန်နိုင်ငံ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ (Terre des hommes)Tdhl အဖွဲ့နှင့် ပူးပေါင်းကာကျင်းပသည်။

အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့နေသည့် ကလေးများနှင့် စောင့်ရှောက်သူမဲ့ကလေးများအား မွေးစမှ ရှစ်နှစ်အရွယ်ထိကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြုစုစောင့်ရှောက်ပျိုးထောင်ပေးနေသော လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုစောင့်ရှောက်ရေးဌာနတွင် ယခုကဲ့သို့ ကျင်းပနိုင်ခြင်းအတွက်များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ကလေးငယ်များကစားနည်း ၁၆ မျိုးကိုတစ်ဦးချင်းအဖွဲ့လိုက် ပျော်ရွှင်စွာယှဉ်ပြိုင်ပွဲကျင်းပသည်။ ကလေးငယ်အားလုံးအား လက်ဆောင်ပစ္စည်းများနှင့် ကလေးကစားစရာများကို ဌာနေကိုယ်စားလှယ်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# သဘာဝဘေးဒဏ်ကြောင့် ရေကြီးမြေပြိုဖြစ်ခဲ့ရသော ချင်းပြည်နယ်ကိုပြန်လည်ထူထောင်ရေးဆောင်ရွက်နေ (အပိုင်း-၂)

သူငယ်ချင်းလိုက်ခဲ့စမ်းပါ ××× အလည်တစ်ခေါက် လိုက်ခဲ့စမ်းပါ ××× ဒို့များချင်းဓလေ့ထုံးစံ မြင်စေချင်စမ်းတယ် ××× တောင်ပေါ်ခေါင်ရည်ချိုမြမြ ××× တစ်ကျိုက်လောက်သောက်ရင် အမောပြေ ×××× ဒါဟာလည်း ချင်းပြည်ရဲ့ ဓလေ့တစ်ခုပါ ××× ဒါဟာလည်း ချင်းပြည်ရဲ့ အလှတစ်ခုပါ ×××

တောင်စဉ်တောင်တန်းအသွယ်သွယ်တို့ကို ကျော်ဖြတ်ပြီးလာခဲ့ရာမှ ဟားခါးမြို့ကို ရောက်သည်ဆိုလျှင်ပဲ အဆိုတော် ဆုန်သင်းပါရ်သီဆိုခဲ့တဲ့ တေးသံလွင်လွင်က တစ်ပိုင်းတစ်စနဲ့ လွင့်ပျံ့လာသည်ကို ကြားရသဖြင့် သီချင်းထဲကအတိုင်း ချင်းဓလေ့ထုံးစံများကို မြင်ချင်မိတော့သည်။

ချင်းတိုင်းရင်းသားများ နေထိုင်ရာ ချင်းပြည်နယ်သည် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးချိန်မှစ၍ "ချင်းဝိသေသတိုင်း"အနေဖြင့် တည်ရှိခဲ့ရာ ပြည်လုံးကျွတ်မဲဆန္ဒခံယူပွဲဖြင့် ဆန္ဒခံယူပြီး အများပြည်သူများ၏ ဆန္ဒနှင့်အညီ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းသည့် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ "ချင်းပြည်နယ်" အဖြစ် ရပ်တည်လျက်ရှိသည်။

ချင်းတိုင်းရင်းသားများမှာ မျိုးနွယ်စုပေါင်း ၅၆ မျိုးရှိပြီး ၎င်းတို့သည် အာရှတိုက်အလယ်ပိုင်း ကုန်းပြင်မြင့်များမှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့သောလူမျိုးအုပ်စုသုံးခုအနက် တိဗက်မြန်မာအုပ်စုဝင်များဖြစ်သည်။ ရှေးမြန်မာနိုင်ငံအတွင်းသို့ အနောက်ဘက်လမ်းကြောင်းဖြစ်သော မလိခနှင့် ချင်းတွင်းမြစ်ကြောင်းအတိုင်းဝင်၍ ရောက်ရှိနေထိုင်ကြသူများဖြစ်သည်။

ချင်းတိုင်းရင်းသားများသည် ပြည်နယ်အတွင်း၌ နှစ်ပေါင်းရှည်ကြာနေထိုင်လာခဲ့ကြရာမှ ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်းက ချင်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တောင်ပြိုခြင်း၊ မြေပြိုခြင်းများဖြစ်ခဲ့ပြီး လူနေအိမ်များ၊ ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းနှင့် လမ်းများပျက်စီးခဲ့ရသော သဘာဝဘေးဒဏ်တစ်ခုဖြင့် ကြုံတွေ့ခဲ့ရသည်။ သဘာဝဘေးကြောင့် မြို့နယ်အလိုက်ပျက်စီးခဲ့သော စာရင်းများမှာ ပုဂ္ဂလိကလူနေအိမ်များ ပျက်စီးမှုတွင် ဟားခါး၌ အလုံး ၅၃၀၊ ဖလမ်းတွင် ရှစ်လုံး၊ တီးတိန်တွင် ၆၉ လုံး၊ တွန်းဇံတွင် ၉၂ လုံး၊ မင်းတပ်တွင် ၃၆ လုံး၊ ကန်ပက်လက်တွင် အလုံး ၃၀ ၊ ပလက်ဝတွင် ၃၆၂ လုံးရှိပြီး စုစုပေါင်း လုံးဝပြိုကျပျက်စီးမှုတွင် ၂၁-၉-၂၀၁၅ နေ့အထိ ၁၁၂၇ လုံးရှိခဲ့သည်။ လုံးဝပြိုကျပျက်စီးခြင်းမဟုတ်သော်လည်း ဖျက်သိမ်းပြောင်းရွှေ့ရန် လိုအပ်သဖြင့် ဖျက်သိမ်းရွှေ့ပြောင်းပေးခဲ့ရသော အိမ်များမှာ ဟားခါးတွင် အလုံး ၃၄၀၊ ထန်တလန်တွင် နှစ်လုံး၊ ဖလမ်းတွင် ၁၀၄ လုံး၊ တီးတိန်တွင် ၃၇၃ လုံး၊ တွန်းဇံတွင် ၂၇၁ လုံး၊ မင်းတပ်တွင် ၆၉ လုံး၊ ကန်ပက်လက်တွင် ကိုးလုံး၊ မတူပီတွင် ၄၁ လုံး၊ ပလက်ဝတွင် ၅၈၈ လုံးစုစုပေါင်း ၂၉၅၁ လုံးဖြစ်သည်ဟု သိရသည်။

ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာများမှာ ဟားခါးတွင် ၁၆ လုံး၊ ဖလမ်းတွင် ၁၂ လုံး၊ တီးတိန်တွင် ၁၉ လုံး၊ တွန်းဇံတွင်တစ်လုံး၊ ကန်ပက်လက်တွင် ရှစ်လုံး၊ မတူပီတွင်ရှစ်လုံး၊ ပလက်ဝတွင် ၁၆ လုံး စုစုပေါင်းအလုံး ၈၀၊ ဘာသာရေးအဆောက်အအုံများ ပျက်စီးမှုမှာ ဟားခါးတွင် ၁၅ လုံး၊ ဖလမ်းတွင်နှစ်လုံး၊ တီးတိန်တွင် ၁၃ လုံး၊ မင်းတပ်တွင်သုံးလုံး၊ ကန်ပက်လက်တွင်နှစ်လုံး၊ ပလက်ဝတွင်နှစ်လုံးစုစုပေါင်း ၃၇ လုံးဖြစ်သည်ဆို၏။



ဟားခါးတွင် မြေပြိုအိမ်များအတွက် ပြည်နယ်အစိုးရက အစားထိုးတည်ဆောက်ပေးလျက်ရှိသော လူနေအိမ်များကို တွေ့ရစဉ်။

**သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-မိုးမြင့်လှိုင်**

အထူးသဖြင့် ဟားခါးမြို့ပေါ်၌ မြေပြိုမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ကို တာဝန်ပေး၍ စစ်ဆေးစေခဲ့ပြီး မြို့ကွက်သစ်ဖော်ထုတ်စေခဲ့ရာ ဘူမိဗေဒပညာရှင်အဖွဲ့မှ ဟားခါးမြို့ပေါ်တွင် သဘာဝဘေးသင့်မှုအခြေအနေနှင့် ဆက်လက်နေထိုင်ရန် သင့်မသင့်ကို ၁၀-၈-၂၀၁၅ ရက်မှစတင်ကွင်းဆင်း စစ်ဆေးခဲ့ပြီး စိစစ်တွေ့ရှိချက်အရ လက်ရှိ ဟားခါးမြို့ပြဧရိယာသည်




ဟားခါးတွင် မြေပြိုအိမ်များအတွက် ရပ်ကွက်သစ်ဖော်ထုတ်ရာတွင် လမ်းဦးစီးဌာနမှ လမ်းများဖောက်လုပ်ပေးနေစဉ်။

အန္တရာယ်ရှိမှုများပြားပြီး မြေနေရာလေးနေရာကို အန္တရာယ်ကင်းဇုန်အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ရာ အဆိုပါနေရာများအနက် ဟားခါး-ဖလမ်းကားလမ်းအထက်ဧက ၅၂၀ ရှိ မြေနေရာအားမြို့ကွက်သစ်ဖော်ထုတ်ရန် ရွေးချယ်ပေးခဲ့သဖြင့် ချင်းပြည်နယ်သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးကော်မတီက အကွက်များရိုက်ကာဟားခါးမြို့အတွက် လူနေအိမ် ၇၃၂ လုံးကို တည်ဆောက်လျက်ရှိပြီး တီးတိန်မြို့နယ်တွင်လည်း အိမ်ပေါင်း ၄၆ လုံးတည်ဆောက်လျက်ရှိသည်။ အဆိုပါ အိမ်များကို ယခုနှစ်ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်ပြီးအိမ်များဆုံးရှုံးသွားသော ပြည်သူများကို နေရာချထားပေးသွားမည်ဟု သိရသည်။

ထို့အပြင် ချင်းပြည်နယ်အတွင်းသဘာဝဘေးဒဏ်ကြောင့်ပျက်စီးဆုံးရှုံးသွားသော နေအိမ်များပြန်လည်ထူထောင်ရေးကော်မတီသည် လုံးဝပျက်စီးသွားသော လူနေအိမ် ၇၁၅ လုံးအတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၂၁၄၅ သိန်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့်နေအိမ် ၁၄၄၂ လုံးအတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ် ငါးသောင်းဖြင့် ငွေကျပ် ၇၂၁ သိန်း စသည်ဖြင့် ထောက်ပံ့ပေးခဲ့သည်ဆို၏။

ထို့နောက် ကျွန်တော်သည် နိုဝင်ဘာ ၃ ရက်က ဟားခါးရောက်နေစဉ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဟားခါးခရိုင် လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးထာပဲန်း၊ ဟားခါးမြို့နယ်လမ်းဦးစီးဌာနမှဦးစီးအရာရှိ ဦးသန်းလွင်တို့နှင့်အတူ ဟားခါး-ဖလမ်းသွား ကား လမ်းနံဘေးရှိအိမ်ကွက်များ ဖော်ထုတ်ပြီး အိမ်များဆောက်လုပ်နေမှုကို သွားရောက်လေ့လာခဲ့ရာ အဆိုပါမြေကွက်များတွင် မြတ်နိုးသူကုမ္ပဏီက အိမ်အလုံး ၂၀၀၊ ဝင်းထွန်းကုမ္ပဏီက အိမ်အလုံး ၂၀၀၊ ဂန့်ဂေါသစ် ထုတ်လုပ်ရေးဒေသမှ ၁၇ လုံးတို့တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် ဟားခါးခရိုင် လမ်းဦးစီးဌာနမှလည်း တည်ဆောက်လျက်ရှိသည့် ရပ်ကွက်သစ်လူနေအိမ်များနှင့် ဟားခါးမြို့သို့ သွားလာဆက်သွယ်မည့် ၂၄ ပေ အကျယ်ရှိ ကားလမ်းများကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုများကို တွေ့ခဲ့ရသည်။

ဟားခါးမြို့မှ သဘာဝဘေးဒဏ်ခံရပြီး အိမ်ပြိုအိမ်ပျက်ဖြစ်ခဲ့ရသည့် ပြည်သူများအတွက် တည်ဆောက်နေသည့် အိုးအိမ်အသစ်များဆောက်လုပ်နေမှု၊ လမ်းသစ်များဖောက်လုပ်နေမှုကို လေ့လာပြီးနောက် ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးကိုတွေ့ဆုံ၍ သိလိုသည်တချို့ကို မေးမြန်းကြည့်ခဲ့သည်။

ချင်းပြည်နယ် ဟားခါးမြို့တွင် ယခုနှစ်ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဟားခါးမြို့အနီးရှိ ရုန်းတောင်ပေါ်မှ တောင်ကျရေများနှင့်အတူ ရွှံ့ရေများ၊ သစ်ပင်ကြီးများ အမြစ်ကကျွတ်မျောပါကျဆင်းပါလာသောကြောင့် မြို့ဟောင်းရပ်ကွက်မှ လူနေအိမ်အချို့ ပြိုကျမှု၊ မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း၊ စာသင်ကျောင်းနှင့်ဘုရားကျောင်းများလည်း ပါကြောင်း၊ သို့ဖြစ်၍ ဆက်လက်နေထိုင်ရန် မသင့်တော့သည့်အတွက် ဘေးလွတ်ရာနေရာများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားခဲ့ကြောင်း၊ မြေပြိုအိမ်ပြိုဖြစ်သည့်နေရာများကို ပြည်နယ်အစိုးရအဖွဲ့က ဘူမိဗေဒပညာရှင်များလွှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံပြီးလေ့လာစေ၍ ထိုဘူမိဗေဒပညာရှင်အဖွဲ့၏ အစီရင်ခံ တင်ပြချက်အရ ဟားခါးမြို့ပြဧရိယာသည် အန္တရာယ်များပြားသောကြောင့် အန္တရာယ်ဇုန်လေးနေရာအနက် ဟားခါး-ဖလမ်းကားလမ်းအထက်တွင် ကွက်သစ်များရိုက်၍ အိမ်များဆောက်လုပ်လျက်ရှိကြောင်း၊ ယခုနှစ်ဒီဇင်ဘာလတွင် ပြီးမည်ဖြစ်ကြောင်း၊ အိမ်များတည်ဆောက်ပြီးပါက မြေပြိုအိမ်ပြိုမှုကြောင့် အိုးမဲ့ အိမ်မဲ့ပြည်သူများကို နေရာချပေးသွားမည်ဖြစ်ကြောင်းကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးတင်မောင်စိုးကရှင်းပြပြီး ချင်းပြည်နယ် ဟားခါးမြို့နယ်၏ မြေပြိုမှုဘူမိဗေဒလေ့လာရေးပညာရှင်တွေ့ရှိမှုအစီရင်ခံစာစီဒီကို ကျွန်တော့်အားပေးလိုက်သည်။

ကျွန်တော်သည် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးအားနှုတ်ဆက်ထွက်ခွာခဲ့ပြီး ဟားခါးခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အတူ မိုးရွာစဉ်က ရေကြီးမြေပြို၊ တောင်ပြိုမှုကြောင့် ပျက်စီးသွားခဲ့သည့် ဟားခါး-ဂန့်ဂေါကားလမ်းဘက်သို့ ကားတစ်စီးဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြသည်။

## ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး



**ရေစကြို နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅-၂၀၁၆ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာလမှ စတင်ထုတ်ချေးပေးခဲ့ရာ နိုဝင်ဘာ ၁၃ ရက်အထိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ အစုအဖွဲ့ ၄၅၂ ဖွဲ့၊ အဖွဲ့ဝင် တောင်သူ ၂၄၂၄ ဦးတို့၏ စိုက်ပျိုးထုတ်လုပ်ကြမည့်စပါး ၆၆၁ ဧက၊ မြေပဲ ၁၅၉၁ ဧက၊ နှမ်း ၄၁၈ ဧက၊ ကုလားပဲ ၂၇၇၉ ဧက၊ ပဲပုပ် ၂၉ ဧက ၊ ပဲလွန်း ၅၃ ဧက၊ မတ်ပဲ ဧက ၄၀ စုစုပေါင်း ၅၅၇၁ ဧကအတွင်း ချေးငွေ ငွေကျပ် ၁၆၄၃ သိန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်းသိရသည်။ ကျန်ရှိသောကျေးရွာအုပ်စုများအတွက် စိုက်ပျိုးချိန်အမီ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ချေးငွေပုံစံမှာ စပါးတစ်ဧက ငွေကျပ်တစ်သိန်း၊ ပဲအမျိုးမျိုးအတွက် တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်း ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ၂၀၁၈ ကမ္ဘာ့ဖလား တောင်အမေရိကဇုန်ခြေစစ်ပွဲ ဒုတိယအကျော့ အာဂျင်တီးနားတို့ အားကုန်ထုတ်ရမယ့်ပွဲစဉ်

**၂၀၁၈ ကမ္ဘာ့ဖလား တောင်အမေရိကန်ဇုန် ခြေစစ်ပွဲ ဒုတိယအဆင့် ဒုတိယအကျော့ပွဲစဉ်တွေကို နိုဝင်ဘာ ၁၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ ဒီပွဲစဉ်တွေမှာ ကိုလံဘီယာနဲ့ အာဂျင်တီးနား၊ ဘရာဇီးနဲ့ ပီရူးတို့ပွဲတွေက စိတ်ဝင်စားစရာဖြစ်ပြီး ပြိုင်ဘက်ကောင်းတွေဆုံတွေ့တာမို့ ပရိသတ်တွေအတွက် ရသမြောက်ပွဲတွေအဖြစ် မြင်တွေ့ခံစားရပါလိမ့်မယ်။**

### ကိုလံဘီယာနှင့် အာဂျင်တီးနား

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှု ငါးပွဲကိုကြည့်ရင် သရေပွဲသုံးပွဲဖြစ်ပြီး အာဂျင်တီးနားက နှစ်ပွဲနိုင်ထားခဲ့ပါတယ်။ အာဂျင်တီးနားတို့က နိုင်ပွဲနှစ်ပွဲရခဲ့ပေမယ့် နှစ်ပွဲစလုံး ကပ်ပြီးနိုင်ခဲ့တာမို့ အခုပွဲကို ကိုလံဘီယာကွင်းမှာ အာဂျင်တီးနားတို့ ခက်ခဲပါလိမ့်မယ်။ ကိုလံဘီယာနဲ့ အာဂျင်တီနားတို့ စုစုပေါင်း ၃၄ ပွဲ တွေ့ဆုံခဲ့တဲ့မှတ်တမ်းကိုကြည့်ရင်တော့ အာဂျင်တီးနားက ၁၇ ပွဲနိုင်ပြီး ကိုလံဘီယာတို့ကရှစ်ပွဲနိုင်၊ ရှစ်ပွဲသရေဖြစ်ထားတာမို့ အာဂျင်တီးနားတို့အသာစီးရထားတာတော့ အမှန်ပါပဲ။ အာဂျင်တီးနားတို့က အခု နိုဝင်ဘာ ၁၃ ရက်က ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဘရာဇီးနဲ့ကစားခဲ့ရာမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားခဲ့တာမို့ အခုပွဲမှာအဝေးကွင်းဆိုပေမယ့် အနိုင်ကစားပါလိမ့်မယ်။

### ဘရာဇီးနှင့် ပီရူး

ပီရူးရဲ့နောက်ဆုံး သုံးပွဲကစားခဲ့တဲ့ခြေစွမ်းကိုကြည့်ရင် ကိုလံဘီယာ၊ ချီလီတို့ကို ရှုံးနိမ့်ခဲ့ပြီး ပါရာဂွေးကိုတော့တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ထားပါတယ်။ ဘရာဇီးတို့ကတော့ ချီလီကိုရှုံးပြီး ဗင်နီဇွဲလားကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရကာ အာဂျင်တီးနားကိုတော့ တစ်ဂိုးစီ သရေပွဲဖြစ်ထားပါတယ်။ ပီရူးတို့ရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိတာမို့ ဘရာဇီးတို့က ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။ ခြေစစ်ပွဲကို လွတ်လွတ်ကျွတ်ကျွတ်အောင်ဖို့အတွက် ဘရာဇီးတို့က ဒီပွဲကိုအားထည့်ပြီး လူစုံထုတ်ခြေကုန်ထုတ်ပြီး နိုင်ပွဲကို အပြင်းအထန်ရှာဖွေကာ ခြေစစ်ပွဲအောင်မြင်ဖို့အတွက် ရှေ့ကိုတစ်လှမ်းတိုးပါလိမ့်မယ်။

### ဗင်နီဇွဲလားနှင့် အီကွေဒေါ

တောင်အမေရိကဇုန်မှာ သုံးပွဲကစားပြီး ကိုးမှတ်ရနေတဲ့ အီကွေဒေါတို့ ခြေစစ်ပွဲအောင်ဖို့ အကောင်းဆုံးအခြေအနေ ရရှိထားပြီဖြစ်ပါတယ်။ ဗင်နီဇွဲလားတို့ကတော့ သုံးပွဲကစား၊ သုံးပွဲစလုံးရှုံးထားတာမို့ မျှော်လင့်ချက်ထားလို့မရတဲ့ပွဲပါပဲ။ အီကွေဒေါ တိုက်စစ်မှူးတွေက ဂိုးသွင်းနှုန်းကောင်းပြီး ခံစစ်ပိုင်းလည်း ကျစ်လျစ်နေတာမို့ ဗင်နီဇွဲလားတို့အတွက် ခံစစ်သက်သက်နဲ့ အားပြုကစားရင်း အီကွေဒေါရဲ့ ကျော်ဖြတ်မှုကို ခွင့်ပြုရပါလိမ့်မယ်။

မိုးမြင့်လင်းလက်

### ပါရာဂွေးနဲ့ ဘိုလီးဗီးယား

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးကြိမ်တွေ့ဆုံခဲ့တဲ့ ပွဲရလဒ်တွေကိုကြည့်ရင် ပါရာဂွေးက နှစ်ပွဲနိုင်ပြီး ဘိုလီးဗီးယားတို့က နှစ်ပွဲနိုင်ကာ တစ်ပွဲသရေ ဖြစ်ထားပါတယ်။ ပါရာဂွေးရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တာကို ကြည့်ရင် အာဂျင်တီးနားကို သရေကစားခဲ့ပြီး ပီရူးအသင်းကိုရှုံးကာ ဗင်နီဇွဲလားကိုတော့ နိုင်ထားပါတယ်။ ဘိုလီးဗီးယားတို့က ဉရုဂွေး၊ အီကွေဒေါတို့ကို ရှုံးခဲ့ပေမယ့် ဗင်နီဇွဲလားကိုတော့ နိုင်ထားပါတယ်။ အိမ်ကွင်းမှာ ရလဒ်ကောင်းဖော်ဆောင်မှုများတဲ့ ပါရာဂွေးတို့ပဲ နိုင်ပွဲရမှာပါပဲ။

### ဉရုဂွေးနှင့် ချီလီ

ဉရုဂွေးတို့က တောင်အမေရိကဇုန်မှာ သုံးပွဲကစား၊ ခြောက်မှတ်ရရှိနေပြီး ချီလီတို့က သုံးပွဲကစား၊ ခုနစ်မှတ်ရရှိထားပါတယ်။ ချီလီရဲ့ ခြေစွမ်းက အကောင်းဆုံးရရှိနေပြီး ဘရာဇီးကို နှစ်ဂိုးပြတ်နိုင်ကာ ပီရူးကိုလည်း သုံးဂိုး-လေးဂိုးနဲ့ ဆက်တိုက်နိုင်ပြီး ကိုလံဘီယာကို တစ်ဂိုးစီ သရေပွဲဖြစ်ထားပါတယ်။ ဉရုဂွေးကတော့ ဘိုလီးဗီးယား၊ ကိုလံဘီယာတို့ကို ဂိုးပြတ်နိုင်ပြီး အီကွေဒေါကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ ဒီနှစ်သင်းရဲ့ အားထုတ်မှုက တူညီနေပါတယ်။ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကစားနိုင်တဲ့ ဉရုဂွေးတို့ပဲ နိုင်ပွဲဆက်ပါလိမ့်မယ်။ ဒါပေမယ့် တိုက်စစ်မှူးတွေနဲ့ ဂိုးသွင်းစွမ်းရည်နဲ့ နိုင်လိုစိတ်ပြင်းထန်မှုက ချီလီတို့တစ်မှတ်ရရှိအောင် အခြေအနေကောင်းဖြစ်ပေါ်နိုင်တာကို အိမ်ရှင်ဉရုဂွေးတို့က အလေးထားကစားမှသာ အမှတ်ပြည့်ရရှိနိုင်မယ့် အနေအထားဖြစ်ပါတယ်။

# မက်ဆီပြန်ကစားနိုင်တော့မယ်

တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာအသင်းရဲ့ အဓိကဂိုးသွင်း တိုက်စစ်မှူး ဖြစ်ပါတယ်။ သူဟာ စက်တင်ဘာလက ဒဏ်ရာကြောင့် အနားယူနေရာမှ ပြန်လည်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီဖြစ်တဲ့အတွက် မကြာမီ အသင်းနဲ့အတူ ပွဲထွက်ကစားလိမ့်မယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့်




သီတင်းပတ်မှာ ရီးရဲမက်ဒရစ်နဲ့ ကစားရမှာဖြစ်တဲ့အတွက် မက်ဆီပါဝင်ကစားရေးဟာ အတော်လေး အရေးကြီးပါတယ်။ သူပါဝင်ကစားနိုင်မှသာ ရီးရဲမက်ဒရစ်အသင်းကို အနိုင်ကစားဖို့ သေချာမှာ ဖြစ်ပါတယ်လို့ နောက်တန်းကစားသမား အက်ဒရီယာနိုက ဆိုပါတယ်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု လေးကြိမ်ဆွတ် ခူးနိုင်ခဲ့တဲ့ တိုက်စစ်မှူးမက်ဆီဟာ စက်တင်ဘာလအတွင်း လက်စ်ပါးမတ်ကို အနိုင်ကစားတဲ့ပွဲမှာ ဒဏ်ရာရခဲ့တဲ့အတွက် ပြိုင်ပွဲနဲ့ လွဲချော်ခဲ့ရပါတယ်။ သို့ပေမယ့် မက်ဆီဟာအသင်းနဲ့အတူ ပြန်လည်လေ့ကျင့်နေပြီဖြစ်တဲ့အတွက် လာမယ့်အပတ်မှာ ရီးရဲမက်ဒရစ်နဲ့ပွဲမှာ ပါဝင်ကစားနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ မက်ဆီဟာ ပြီးခဲ့တဲ့ရာသီက ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ယခုနှစ် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်ဖို့ ရေပန်းစားနေပါတယ်။



## ယူရိုခြေစစ်ပွဲအောင်ဖို့ အလားအလာကောင်းနေတဲ့ဆွီဒင်

ယူရို ၂၀၁၆ ရှုံးထွက်ခြေစစ်ပွဲ ပထမအကျော့မှာ ဆွီဒင်အသင်းက အီဘရာဟီမိုဗစ်နဲ့ အီးမေးလ်ဖော့စဘတ်တို့ရဲ့ ဂိုးတွေနဲ့ဒိန်းမတ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့အတွက် ခြေစစ်ပွဲအောင်ဖို့ အလားအလာကောင်းတွေ ရရှိထားတယ်လို့ဆိုပါတယ်။ ဆွီဒင်လက်ရွေးစင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ယူရို ၂၀၁၆ ပြိုင်ပွဲမှာဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိရေးမှာ သူရဲ့အဓိကရည်မှန်းချက်တစ်ရပ်ဖြစ်တယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့ရရှိထားတဲ့ ဆွီဒင်အသင်းရဲ့ အောင်မြင်မှုကို ဆက်လက်ထိန်းထားပြီး ခြေစစ်ပွဲအောင်ဖို့ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ ကျွန်တော်အနေနဲ့ ပြင်သစ်မှာ ကျင်းပမယ့် ယူရိုပြိုင်ပွဲမှာ ကစားဖို့ မျှော်လင့်ထားပါတယ်လို့လည်း ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်က ဆိုပါတယ်။ သူဟာ ပီအက်စ်ဂျီအသင်းအတွက် ဂိုးပေါင်း ၁၁၉ ဂိုး သွင်းယူထားပြီး ယခုနှစ်ရာသီ ၁၁ ပွဲမှာ ကိုးဂိုး သွင်းယူပေးထားပါတယ်။ သူဟာဆွီဒင်လက်ရွေးစင်အသင်းမှာလည်း ပွဲပေါင်း ၁၁၀၊ ဂိုးပေါင်း ၆၀ သွင်းယူထားသူဖြစ်ပါတယ်။

# အာဖရိကအကောင်းဆုံးဘောလုံးသမား ဘယ်သူဖြစ်လာမလဲ

၂၀၁၅ ခုနှစ်အတွက် ဘီဘီစီရဲ့ အာဖရိက အကောင်းဆုံးဘောလုံးသမား ဆန်ခါတင် ငါးဦးကို ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်ပါတယ်။ ဒီဆန်ခါတင်ငါးဦးထဲမှာတော့ ၂၀၁၄ ခုနှစ်က တောင်အာဖရိက အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးသွားတဲ့ အယ်လ်ဂျီရီးယား ဘောလုံးသမား ယာစင်ဘရာဟီမီနဲ့အတူ ဂါဘွန်မှ ပီယာရီအီမာရစ်အူဘာမီရန်၊ ဂါနာမှ အင်ဒရီအာယော၊ ဆီနီဂေါမှ ဆာဒီယိုမန်းနဲ့ အိုင်ဗရီကို့စ်မှ ယာယာတိုရေးတို့ပဲ ဖြစ်ပါတယ်။ ဒီအာဖရိက အကောင်းဆုံးဘောလုံးသမားဆုကို အာဖရိကဘောလုံးပရိသတ်တွေက နိုဝင်ဘာ ၃၀ ရက်အထိ ဆန္ဒပြုရွေးချယ်ပေးကြမှာ ဖြစ်ပါတယ်။ ရွေးချယ်ခံရသူစာရင်းကို ဒီဇင်ဘာ ၁၁ ရက် သောကြာနေ့မှာ ထုတ်ပြန်ကြေညာမှာ ဖြစ်ပါတယ်။ ဆန်ခါတင်များအနက် အာယောဟာ ၂၀၁၁ ခုနှစ်က အာဖရိက ၄၆ နိုင်ငံမှ အားကစားသတင်းထောက်များရဲ့ ရွေးချယ်မှုနဲ့ ဘီဘီ စီ အကောင်းဆုံးဆု၊ တိုရေးက ၂၀၁၃ နဲ့ဘရာဟီမီက ယခုတတိယနှစ်အဖြစ်ပါဝင်လာပြီး ဆာဒီယိုမန်းက ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာတာဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ အူဘာမီရန်ဟာ ပြီးခဲ့တဲ့နှစ်က ဒေါ့မွန်ရဲ့ ဂိုးအများဆုံးသွင်းယူခဲ့သူဖြစ်ပါတယ်။ သူဟာဂိုးအများဆုံးသွင်းထားပြီး ရှစ်ပွဲမှာ ဂိုး ၂၀ သွင်းထားပါတယ်။

ကောင်းမြတ်သူ စုစည်းသည်။



# ဆေးယဉ်ပါးတီဘီရောဂါဝေဒနာရှင်များအား စောင့်ရှောက်ခြင်း စီမံချက်လုပ်ငန်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက ဦးစီး၍ ရန်ကုန် တောင်ပိုင်းခရိုင် ဒလနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့တွင် ဆောင်ရွက်နေသည့် ပြည်သူလူထု အခြေပြု ဆေးယဉ်ပါးတီဘီရောဂါဝေဒနာရှင်များအား စောင့်ရှောက်ခြင်းစီမံချက် သုံးလပတ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက်က ဒလ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒလမြို့နယ် ကျန်းမာရေးဦးစီးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆန်းသူရအောင်သိန်းက ဆေးယဉ်ပါးတီဘီရောဂါဖြစ်လာရခြင်း အကြောင်းနှင့် မြို့နယ်အတွင်း တီဘီရောဂါဝေဒနာရှင်များအား စောင့်ရှောက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း အတွင်းရေးမှူး ဦးစိုးအောင်က "ရပ်/ ကျေးစေတနာ့ဝန်ထမ်းတွေက ဒီရောဂါလက္ခဏာရှိသူကိုရှာဖွေပြီး ကျန်းမာရေးဝန်ထမ်းတွေကို ပြသရမယ်။ ကျန်းမာရေး ဝန်ထမ်းတွေကလည်း မြို့နယ်ဆေးရုံတွေနဲ့ ဆက်သွယ်ပြီး ရောဂါရှိသူတွေကို ဆေးကုသခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ အာဟာရထောက်ပံ့ခြင်း လုပ်ငန်းတွေကို ကျွန်တော်တို့အသင်းက ကူညီပေးပါတယ်" ဟု ပြောကြားခဲ့သည်။

**သန်းဌေး(ဒလ)**



# ငါးနှစ်ပြည့်ပြီး ကျေးရွာသုံး စိုက်ခင်းများအား ကျေးရွာများသို့ လွှဲပြောင်းပေးအပ်

**ချောင်းဦး နိုဝင်ဘာ ၁၆**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ဒေသစိမ်းလန်းစိုပြည်ရေးအတွက် တည်ထောင်ပေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦး မြို့နယ်အတွင်းရှိ ငါးနှစ်ပြည့် ကျေးရွာသုံး စိုက်ခင်းများကို နိုဝင်ဘာလ ဒုတိယပတ်က သက်ဆိုင်ရာ ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပေးအပ်ရာတွင် တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် တာဝန်ရှိသူများက နတ်ရေကန်ကျေးရွာ၊ မြေနီကျင်းကျေးရွာနှင့် နွယ်ခွေကျေးရွာများသို့ သွားရောက်ကာ ကျေးရွာသုံး စိုက်ခင်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

"အခု ပေးအပ်တဲ့ ကျေးရွာသုံးစိုက်ခင်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ချောင်းဦးမြို့နယ်အနေနဲ့ စိုက်ခင်းခြောက်ခင်း ၊ ဧကအားဖြင့် ၅၈၅ ဧက တည်ထောင်ခဲ့ပါတယ်။ အဆိုပါ စိုက်ခင်းများကို နတ်ရေကန်ကျေးရွာအတွက် ၂၈၅ဧက၊ မြေနီကျင်းကျေးရွာအတွက် ၂၂၅ဧက၊ နွယ်ခွေကျေးရွာအတွက် ၇၅ ဧက လွှဲပြောင်းပေးအပ်ခဲ့ပြီး စိုက်ခင်းတွင် ယူကလစ်၊ တမာ၊ မဲဇလီ၊ ကုက္ကိုပင်များ စိုက်ပျိုးပေးထားပါတယ် " ဟု ချောင်းဦးမြို့နယ် စိမ်းစိုဦးစီးမှူး ဦးထင်လင်းအောင်က ပြောသည်။

နတ်ရေကန်ကျေးရွာမှ တောင်သူဦးဝင်းအောင်က "ကျေးရွာသုံးစိုက်ခင်းတွေ လွှဲပြောင်းပေးတာကြောင့် ကျေးရွာပြည်သူတွေအနေနဲ့ မျောတိုင်၊ ထွန်တုံး စတာတွေအပြင် ထင်းအဖြစ် တရားဝင်ထုတ်ယူ သုံးစွဲခွင့်ရတော့မှာဖြစ်၍ နောင်သားစဉ်မြေးဆက်အထိ သုံးစွဲနိုင်ရေးနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုနိုင်အောင် ကျေးရွာမှ စနစ်တကျ တန်ဖိုးထားစောင့်ရှောက်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။ **(မြို့နယ်ပြန်/ဆက်)**

# စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကြီးမှူး၍ မက်ဂါဂရိုးအင်တာနေရှင်နယ်ကုမ္ပဏီနှင့် စွယ်စုံနည်းပညာဂျာနယ် အကူအညီဖြင့် ကျင်းပသော စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာန ကွင်းလက်တွေ့ခန်းမ၌ ကျင်းပသည်။

"ဒီသင်တန်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေးတက္ကသိုလ်ကမျိုးအသစ်တွေကို တောင်သူတွေလက်ဝယ်ကိုရောက်ရှိရန်၊ တောင်သူတွေရဲ့အခက်အခဲကို တက္ကသိုလ်က ဆရာဆရာမတွေသိရှိစေရန်၊ ဆရာတို့တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ တိုးချဲ့ပညာပေးရေးမှာပါတဲ့ တောင်သူတွေဆီကို နည်းပညာအသစ်တွေရောက်ရှိအောင် ဆောင်ရွက်ရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီသင်တန်းကိုဖွင့်လှစ်ရတာပါ။ ဒီသင်တန်းကိုဖွင့်ခြင်းဖြင့် နောင်တစ်ချိန်မှာ စိုက်ပျိုးရေးတက္ကသိုလ်ကစိုက်ပျိုးရေးနည်းပညာအသစ်တွေကို တောင်သူတွေလိုအပ်ရင် ကူညီပေးလို့ရတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

အဆိုပါသင်တန်းမှာ စိုက်ပျိုးရေးတက္ကသိုလ်တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**



၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေကျပ် သိန်း ၂၄၀၀ ဖြင့် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေရှိ နှစ်ထပ်သံကူကွန်ကရစ် တိုးချဲ့လူနာဆောင်ကို ရွှေရည်ဝိုင်းဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၄ ခုနှစ် ၁၂ လပိုင်းမှစတင် တာဝန်ယူတည်ဆောက်ခဲ့ရာ ၉၅ ရာခိုင်နှုန်းကျော် ပြီးစီးနေသည်ကို မြင်တွေ့ရစဉ်။

ဖြူး-မြင့်ဦး

# ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

**ဇန်းမော် နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူလယ်သမားများအား ၂၀၁၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ဘဏ်ချေးငွေများကို နိုဝင်ဘာ ၂ ရက်မှ ၁၂ ရက်အထိ ထုတ်ပေးခဲ့ရာ ဇန်းမော်မြို့နယ်အတွင်းရှိ မံပင်၊ နောင်ခို၊ မံမလင်း၊ တာမိုင်းလုံ၊ ကောင်းစင့်၊ ပင့်သက်၊ ဆူးပုတ်ကုန်း၊ ကောင်းတုံ ကျေးရွာများမှ ဆောင်းသီးနှံစိုက်ပျိုးသူတောင်သူ ၉၄၃ ဦး၊ စိုက်ဧရိယာ ၆၅၄၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၃၀၈၂၀၀၀၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**

# မိုးစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပ

**ဟုမ္မလင်း နိုဝင်ဘာ ၁၆**

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မိုးစပါးသိပ္ပံနည်းစနစ် စံပြကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၂ ရက်က ဟုမ္မလင်းမြို့နယ် တာပတောင်ကျေးရွာတွင် တောင်သူဦးသိန်းအောင်၏ လယ်ကွင်း၌ ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကပ်ကျော်က အမှာစကားပြောကြားပြီး ခန္တီးခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းအမ်းထောက နည်းပညာပေးစံပြကွက်များ ပြုလုပ်ပြသခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးက သိပ္ပံနည်းကျစိုက်ပျိုးနည်းကြောင့် စပါးအထွက်တိုးနိုင်သည့် အခြေအနေများနှင့်ရရှိနိုင်သော အကျိုးကျေးဇူးများ၊ စံကွက်ရိတ်သိမ်းပုံအကြောင်းတို့ကို ဒေသခံတောင်သူများအား အသိပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် ဆင်းဧကရီ(၃)မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၀၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ဆောင်းသီးနှံကုလားပဲများကို မိုးစပါးအစားထိုးစိုက်ပျိုး

**မြိုင် နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ တောင်သူလယ်သမားမိုးစပါးစိုက်ပျိုးမှုတွင်ပျိုးထောင်ခြင်း၊ အစေ့တိုက်ရိုက်စိုက်ပျိုးခြင်းများဖြင့် နည်းစနစ်တကျ စိုက်ပျိုးခဲ့ကြသော်လည်း မိုးရွာသွန်းမှုနည်းပါး၍ မိုးစပါးမဖြစ်ထွန်း၍ ဆုံးရှုံးနေရသော်လည်း မိုးရေချိန် ၀ ဒသမ ၆၆ လက်မ ရွာသွန်းခဲ့သည့်အတွက် အဆိုပါလယ်မြေများကို ဖျက်သိမ်းကာ ဆောင်းသီးနှံကုလားပဲများကို အစားထိုးစိုက်ပျိုးနိုင်ခဲ့ကြကြောင်း သိရသည်။

ကုလားပဲအဖြူလုံးသေး၊ လုံးကြီးများနှင့် ကုလားပဲအဝါ ရေဆင်း-၃၊ ရေဆင်း-၄ စသည့်ကုလားပဲမျိုးများစိုက်ပျိုးကြပြီး လယ်တစ်ဧကလျှင် ထွန်ထယ်တို့ဖြင့် အတန်းလိုက် စိုက်ပျိုးပါက ကုလားပဲ ၁၂ ပြည်ခန့်ကုန်ပြီး ကြဲပက်၍ စိုက်ပါက ၁၈ ပြည်ခန့် ကုန်ကြောင်း၊ ယခုအခါ ကုလားပဲစိုက်ပျိုးရာတွင် နွားရှဉ်းများဖြင့် စိုက်ပျိုးမှုနည်း၍ နွားရှဉ်းများအစား လယ်ထွန်စက်များဖြင့် ကြဲပက်ပြီးစိုက်ပျိုးကြကြောင်း ဒေသခံများထံမှ သိရသည်။

**(၁၃၅)**

# ညောင်ဦးမြို့ အားကစားကွင်း ပြန်လည်ပြင်ဆင်တည်ဆောက်

**ညောင်ဦး နိုဝင်ဘာ ၁၆**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အားကစားကွင်းအတွင်းရှိ အထူး တန်းနှင့် ရိုးရိုးတန်းပွဲကြည့်စင်များ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် အတွင်းစည်းရိုးကာရံခြင်း လုပ်ငန်းများကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးစီးလုနီးပါးရှိနေပြီဖြစ်ကြောင်း သိရသည်။



ညောင်ဦးမြို့နယ် အားကစားကွင်းအတွင်းရှိ အထူးတန်းနှင့် ရိုးရိုးတန်းပွဲကြည့်စင်များ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် အတွင်းစည်းရိုးကာရံခြင်း လုပ်ငန်းများကို စက်တင်ဘာလဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် အချောသပ်ခြင်း၊ ဆေးသုတ်ခြင်း၊ သံဆန်ခါများ တပ်ဆင်ခြင်းများသာ ကျန်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

**နိုင်ငံ့တာဝန်ကျေပွန်ဖို့**
**အခွန်မှန်စွာ ပေးဆောင်စို့**

# အဏုဇီဝမြေဩဇာသုံး ဆင်းသွယ်လတ် မိုးစပါးရိတ်သိမ်းပွဲနှင့် အသိပညာပေး



**ပုသိမ် နိုဝင်ဘာ ၁၆**

စားသုံးသူများ ကျန်းမာရေးနှင့် ညီညွတ်စေမည့် ဓာတုဗေဒဆေးဝါးကင်းလွတ် အဏုဇီဝမြေဩဇာသုံး ဆင်းသွယ်လတ်မိုးစပါး ရိတ်သိမ်းခြွေလှေ့ပွဲနှင့် တောင်သူလယ်သမားများ အသိပညာပေးပွဲကို နိုဝင်ဘာ ဒုတိယပတ်က ပုသိမ်မြို့ ပေါက်ကုန်းကျေးရွာအုပ်စု အုတ်စီကုန်းကျေးရွာ ပုသိမ်-ငပုတောကားလမ်း ၃/၅ မိုင်အနီး အများပိုင် ဧရာပုသိမ်လယ်မြေစိုက်ကွင်း၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန လ/ထညွှန်ကြားရေးမှူး ဦးထွန်းထွန်း၊ ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာ (မျိုးစပါးသုတေသန)၊ ပုသိမ်ခရိုင်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဓာတုဗေဒ ဆေးဝါးသုတေသနပညာရှင် ဦးစောမိုက်ကယ်၊ အများပိုင်ဧရာပုသိမ် တာဝန်ခံ ဦးဝင်းမြင့်လှိုင်နှင့် ပုသိမ်၊ ငပုတော၊ ကန်ကြီးထောင့်မြို့နယ်များမှ တောင်သူလယ်သမားများ တက်ရောက်လေ့လာကြရာ ဧရာပုသိမ် အဏုဇီဝမြေဩဇာ တစ်ဧက ရှစ်အိတ်နှုန်းဖြင့် စိုက်ပျိုးရက် ၁၃၅ ရှိ ဆင်းသွယ်လတ် မိုးစပါးရိတ်သိမ်းခြွေလှေ့ရာ တစ်ဧက ၇၅ တင်းနှုန်း ထွက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန လ/ထညွှန်ကြားရေးမှူးက တောင်သူလယ်သမားများနှင့် အသိပညာပေးဆွေးနွေးကြိုးစားရာမှာ နည်းစနစ်မမှန်သော ဓာတုဗေဒဆေးဝါးသုံးစွဲခြင်းကြောင့် စပါးအထွက်ကောင်းသော်လည်း ဆန်အရည်အသွေးကျပြီး စားသုံးသူများလည်း ကျန်းမာရေးထိခိုက်စေမည့် ဘေးထွက်ဆိုးကျိုးများလည်း သတိရှိရန်လိုအပ်ပါကြောင်း၊ ယနေ့မြန်မာ့ဆန်စပါးများ ရောင်းအားကျဆင်းမှုမှာ ဓာတုဗေဒဆေးဝါး မမှန်မကန် သုံးစွဲခြင်းကြောင့် စားသုံးရသည့် ထမင်းများချက်ပြုတ်ပြီး ကြာရှည်မခံအရည်များ စိုစွတ်လာခြင်းမှာ ဓာတုဗေဒဆေးဝါး ဘေးထွက်ဆိုးကျိုးများဖြစ်ကြောင်း စားသုံးသူများကလည်း ကျန်းမာရေးလွန်စွာထိခိုက်စေကြောင်း ဆွေးနွေးသွားသည်။

ဆက်လက်၍ မျိုးစပါးသုတေသနပညာရှင် ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးမှူးကလည်း မြန်မာနိုင်ငံ လယ်မြေများတွင် ဓာတုဗေဒဆေးဝါးများ သုံးစွဲမှုကြောင့် မြေဆီမြေနှစ်ပျက်စီး၍ အချဉ်ဓာတ်များ ပေါက်နေကြောင်း၊ လယ်မြေများလည်း ပြန်လည်ပြုပြင်ရန် လိုအပ်ပါကြောင်း၊ လယ်သမားများ အထွက်တိုးအောင် ကြိုးစားလိုပါက စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရန်၊ မျိုးစပါးစစ်ဆေးစိုက်ပျိုးရန် လယ်မြေများ အဏုဇီဝမြေဩဇာများ သုံးစွဲနိုင်ပါက စပါးလည်း အထွက်တိုးမည်၊ မျိုးကောင်းမျိုးသန့်လည်းရမည်၊ စားသုံးသူတွေလည်း ကျန်းမာရေးအန္တရာယ်ကင်းရှင်းမည်၊ တောင်သူလယ်သမားများနှင့် နိုင်ငံအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ပုသိမ်-လှကြည်**

# ကလေးလွင်ပြင်တွင် ဆောင်းသီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ကလေး နိုဝင်ဘာဘာ ၁၆**

ကလေးလွင်ပြင်တွင် ရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေပျက်စီးမှုများအပေါ် မိုးစပါးနှင့် မိုးသီးနှံများ ပြန်လည်စိုက်ပျိုးခြင်း မပြုနိုင်သည့် လယ်ယာမြေ ၂၆၅၆၅ ဧကကို ဆောင်းသီးနှံများဖြင့် အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ကလေးလွင်ပြင်နုန်းတင်မြေနုပေါ်တွင် ဆောင်းသီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။



ကလေးလွင်ပြင် ဆောင်းသီးနှံစိုက်ပျိုးမှုအောင်မြင်နိုင်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် စက်မှုလယ်ယာဦးစီးဌာန၏ ထွန်စက်ကြီး ၉၅ စီးကိုအသုံးပြုကာ ကလေးမြို့နယ် ကျေးရွာအုပ်စု ၂၉ အုပ်စုမှ လယ်ယာမြေ ၁၉၂ ဧကပေါ်ရှိ သစ်တုံးများကိုဖယ်ရှားပေးပြီး လယ်ယာမြေ ၅၇၇၇ ဧကအား တောင်သူများအတွက် အခမဲ့ထွန်ယက်ပေးပြီး ဖြစ်သည်။

ယင်းသို့ ကလေးမြို့နယ် နတ်မြောင်းကျေးရွာအုပ်စု ရေကြီးနစ်မြုပ်ခဲ့သည့် နတ်နန်းကျေးရွာတွင် တောင်သူ ဦးမြင့်ဦး၏ ကွင်းအမှတ် ၈၂၃ (ခ) ကွင်းရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဆောင်းသီးနှံ ပဲယင်းစိုက်ခင်းအား ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်ကျော်ဦး၊ ကျေးလက်ဒေသခံတောင်သူတို့နှင့်အတူ နိုဝင်ဘာ ၁၄ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# ဝေနေယျသုခရေချမ်းစင် အသင်းသားများ သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဝေနေယျသုခရေချမ်းစင်အသင်း အသင်းသား အသင်းသူများ၏ပထမအကြိမ် နာယကကြီးများနှင့် သက်ကြီးပုဂ္ဂိုလ်များ ပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက်က ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ မြောက်ဘက်စောင်းတန်းအနီးရှိ ဝေနေယျသုခဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် နာယကကြီးများနှင့် သက်ကြီး ပုဂ္ဂိုလ်များဖြစ်ကြသော ဘဒ္ဒန္တဓမ္မိကဆရာတော်၊ ဦးဝင်းမောင်၊ ဦးကျော်သောင်း၊ ဦးထွန်းမြင့်၊ ဦးသိန်းထွန်း၊ ဦးစိုးမြင့်၊ ဒေါ်ငွေရှင်၊ ဦးအောင်မျိုးမင်း၊ ဒေါ်သန်းသန်းနှင့် ဦးရဲမြင့်တို့အား ဝေနေယျသုခရေချမ်းစင်အသင်းမှ တစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်နိုင် (မေတ္တာမိုးရောင်ပုံနှိပ်တိုက်)က တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ ဦးလှချိုမိသားစု(တိုက်ဂါးပုံနှိပ်တိုက်)က တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်အောင်**

# သံဖြူဇရပ်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**သံဖြူဇရပ် နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲဝင်ကရာကျေးရွာအုပ်စုရှိ ကွင်းအမှတ်-၉၀၇ တောင်သူ ဦးခွေး၏ GAP စနစ် ၁၀ ဧက စံပြစိုက်ခင်းလယ်မြေတွင် မိုးစပါး ပေါ်ဆန်းရင် ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည်။

အဆိုပါရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုစာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးကောင်းကင်ကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်စိုးဟန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းရာ၌တစ်ဧကပျမ်းမျှအထွက်နှုန်း (အခြောက်)၇၅ ဒသမ ၈၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



# ရေကြောင်းသတိပေးချက်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Woodside Energy Myanmar Co., Ltd. သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-5 နှင့် AD- 7 တို့တွင် 3D Seismic Survey လုပ်ငန်းများကို MV RAMFORM TITAN ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဧပြီလ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

3D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point 1 မြောက်လတ္တီ တွဒ် ၁၆ ဒီဂရီ ၆၃၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၉၆၃ မိနစ်၀၀ ဒသမ ၀၀ စက္ကန့်၊ Point 2 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀၄ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၆၄၄ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point 3 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀၂ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၄၇ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point 4 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၇၅၁ မိနစ် ၀၀ ဒသမ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၂ ဒီဂရီ ၁၄၇ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point 5 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၇၅၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင် ဂျီတွဒ် ၉၃ ဒီဂရီ ၉၆၂ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်နှင့် Point 1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆၃၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၉၆၃ မိနစ် ၀၀ ဒသမ ၀၀စက္ကန့်တို့အတွင်းတွင် ဖြစ်ပါသည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-5 နှင့် AD-7 တို့တွင် 3D Seismic Survery လုပ်ငန်းများကို MV RAMFORM TITAN ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိ စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ကြေညာထားသည်။

**(မြန်မာ့အလင်း)**

# လက်တွန်းထွန်စက်မောင်းနှင်ပြင်ဆင်မှု သင်တန်းဆင်း

**ဝက်လက် နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ထောက်ပံ့မှုဖြင့် ဝက်လက်မြို့နယ် သမဝါယမဦးစီးဌာနမှ စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍ ဝက်လက်မြို့ အမှတ်-၆၁ စက်မှုလယ်ယာစခန်း၌ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ခဲ့သော လက်တွန်းထွန်စက်နှင့် လယ်ယာသုံးစက်များ မောင်းနှင်ပြင်ဆင်မှု သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၃ ရက်က သမဝါယမအသင်းစုရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားတောင်သူ ၂၅ ဦး တက်ရောက်ခဲ့ပြီး ယခုကဲ့သို့ သင်တန်း၌ လယ်ယာလုပ်ငန်းတွင် အသုံးပြုနေရသည့် လယ်ယာသုံးထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်နှင့် ရေစုပ်စက်များ မောင်းနှင်ကိုင်တွယ်နည်း၊ ပြင်ဆင်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးသည့်အတွက် တောင်သူများ မိမိသုံးစွဲနေသည့်စက်များကို ကိုယ်တိုင်ပြင်ဆင်ထိန်းသိမ်းတတ်ခြင်းဖြင့် ငွေကုန်ကျမှုသက်သာသောကြောင့် ကျွန်တော်တို့တောင်သူများ၏လူမှုစီးပွားများတိုးတက်လာမည်ဖြစ်ကာ များစွာကျေးဇူးတင်ကြောင်း သင်တန်းသားတစ်ဦးက ပြောသည်။

**နန်းမြင့်(ဝက်လက်)**

# မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု ဆဋ္ဌမအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

မန္တလေးတက္ကသိုလ်၊ ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ပြီး အသက်(၆၀)ပြည့် (အငြိမ်းစား) ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည့် မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု ဆဋ္ဌမအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲကြီးကို မန္တလေးတက္ကသိုလ် ရူပဗေဒဘာသာရပ် (၁၉၆၃-၂၀၁၃) ကျောင်းသား ကျောင်းသူဟောင်းများ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်/ကောလိပ်အသီးသီးမှ ရူပဗေဒဌာန ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဦးဆောင်ပါဝင်၍ တခမ်းတနားကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရူပဗေဒညီအစ်ကို၊ မောင်နှမများအားလုံး အောက်ပါအစီအစဉ်အတိုင်း ကိုယ်တိုင် ကြွရောက်ပူဇော်ကန်တော့ကြပါရန် ချစ်ခင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကန်တော့ပွဲအစီအစဉ်**

**ကျင်းပမည့်နေ့ရက်** - ၃-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - မန္တလေးတက္ကသိုလ်ဓမ္မာရုံ

**ညစာစားပွဲအစီအစဉ်**

**ကျင်းပမည့်နေ့ရက်** - ၃-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၅ နာရီ
**ကျင်းပမည့်နေရာ** - ယူနန်ဘုံကျောင်း၊ လမ်း ၈၀၊ ၃၁×၃၂လမ်းကြား၊ မန္တလေးမြို့

ရူပဗေဒညီအစ်ကို၊ မောင်နှမများခင်ဗျား- ဆဋ္ဌမအကြိမ်မြောက် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲကြီး၏ အလှူခံဖြတ်ပိုင်းစာအုပ်များ၊ ပဉ္စမအကြိမ်မြောက် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲ၏ ငွေစာရင်းရှင်းတမ်းစာအုပ်များကို မန္တလေးတက္ကသိုလ် ရူပဗေဒဌာန ဖုန်း-၀၂-၃၅၀၄၅၊ ၀၉-၄၀၂၇၆၇၂၀၂၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးရှိ ရူပဗေဒဌာနတို့တွင် သွားရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ရူပဗေဒမိသားစု ဆဋ္ဌမအကြိမ်မြောက်စုပေါင်းအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

# အများပြည်သူသိရှိစေရန် ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် သီလဝါအထူးစီးပွားရေးဇုန်၏ အပိုင်း(က)စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ကျန်ရှိသည့် ဟက်တာ(၂၀၀၀)ဧရိယာအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသည် သီလဝါအထူးစီးပွားရေးဇုန် ဟက်တာ(၂၀၀၀)စီမံကိန်း ဧရိယာတစ်ခုလုံးအတွက် အခြေခံဖြစ်သည့် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်(မူကြမ်း)ကို ရေးဆွဲလျက်ရှိပါသည်။ အဆိုပါမူဘောင်ကိုအခြေခံကာ ပြန်လည်နေရာချထားရေးဆောင်ရွက်မည့် ဧရိယာတစ်ခုချင်းစီအလိုက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များကို သီးခြားစီရေးဆွဲသွားမည်ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရေးဆွဲထားသည့်မူဘောင်(မူကြမ်း)အား အများပြည်သူ ကြည့်ရှုနိုင်ရန်အတွက် အောက်ဖော်ပြပါနေရာများနှင့် www.myanmarthilawa.com တို့၌ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ ၎င်းမူဘောင်(မူကြမ်း)နှင့်ပတ်သက်၍ မေးမြန်းလို၍သော်လည်းကောင်း၊ မှတ်ချက်ပေးလို၍သော်လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးရုံး(ဒေါက်တာသန်းအောင်၊ သန်လျင်-ကျောက်တန်းလမ်းမနှင့် ဒဂုံ) သီလဝါလမ်းထောင့်၊ သန်လျင်နည်းပညာတက္ကသိုလ်အနီး၊ ဖုန်း-၀၉-၂၅၀၇၆၉၁၉၉၊ အီးမေးလ်-thilawaygn@gmail.com သို့ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၂ရက် (ကြာသပတေးနေ့)မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက် (တနင်္လာနေ့)အထိ မေးမြန်းစုံစမ်းပေးပို့နိုင်ပါသည်။

**ထုတ်ပြန်ကြေညာမည့်နေရာများ**

| | |
|---|---|
| * **သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး(ယာယီ)** လိပ်စာ-မြေယာရုံးခွဲ(၂)၊ အိုးအိမ်ရုံး၊ သန်လျင်-ကျောက်တန်းလမ်းမနှင့် ဒဂုံသီလဝါလမ်းထောင့်၊ သန်လျင် နည်းပညာတက္ကသိုလ်အနီး | * **ရွှေပြည်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး** |
| | * **ရွှေပျောက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး** |
| | * **သီတာမြိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး** |
| | * **လက်ယက်စမ်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး** |
| * **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး** လိပ်စာ-အမှတ်(၂၂၈-၂၃၄)ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဘိုတထောင်မြို့နယ်၊ ရန်ကုန်မြို့ | * **အလွမ်းဆွတ်ကျေးရွာ ရာအိမ်မှူးများနှင့်အခြား** |
| | * **ဘုရားကုန်းကျေးရွာ(ရေကြောင်း)** |
| | * **အလွမ်းဆွတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး** |
| * **ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး** | * **ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး** |
| * **သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး** | * **အေးမြသီတာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး** |




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁ကို မြေကွက်အမှတ်-ပဉ္စမတန်းစား-၉၉၊ မြေကွက်တည်နေရာအမှတ်-၈၊ ၁၀၉ လမ်း၊ တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်လှမေ)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား ဒေါ်လှမေ(မိခင်)နှင့် ဦးခင်စိန်(ဖခင်) တို့ကွယ်လွန်သဖြင့် ၎င်းတို့တွင် သားသမီး(၆)ဦးသာမွေးဖွားကြောင်း ကျမ်းကျိန်ကာ၊ သားသမီး(၆)ဦး အနက် ဒေါ်ခင်ခင်လေးသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် (၁)ဦးသိန်းတင့်(၁၂/မဂတ(နိုင်) ၀၃၄၁၇၉)၊ (၂) ဦးနေဝင်း(၁၂/မဂတ(နိုင်)၀၇၈၀၂၈)၊ (၃) ဒေါ်မိမိ(၁၂/မဂတ(နိုင်)၀၃၄၁၇၈)၊ (၄) ဒေါ်သက်သက်(၁၂/မဂတ(နိုင်)၀၃၄၁၈၂)၊ (၅) ဦးဌေးအောင် (၁၂/မဂတ(နိုင်)၀၃၄၁၈၁)တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် (မြေပုံကူး)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၇၃၅၃၁ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/9460 Mitsubishi Canter Truck with Crane (4x2)R ယာဉ်လက်ဝယ်ရှိသူ Myanmar PiPes & Accessories Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ဦးထွန်းသန်းနှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ အမှတ်(၄၂)၊ ရေကန်လမ်း၊ ရပ်ကွက်(၃)၊ နယ်မြေ(၂)နေ ၁၃/လရန(နိုင်)၁၄၁၄၀၂ ကိုင်ဆောင်သူ ဒေါ်လှလေးဖြူ၏ ညွှန်ကြားချက်အရ ဦးထွန်းသန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ဒေါ်လှလေးဖြူနှင့် ဦးထွန်းသန်းတို့ လွန်ခဲ့သော(၄)နှစ်ခန့်က အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး၊ သားသမီးနှစ်ဦးထွန်းကားခဲ့ပြီး၊ ပေါင်းသင်းစဉ်ကာလအတွင်း ကျွန်ုပ်တို့၏အမှုသည်အပေါ် အိမ်တွင်းအကြမ်းဖက်သကဲ့သို့ နှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ၇-၂-၂၀၁၄ရက်က ကွာရှင်းစာချုပ် လက်မှတ်ရေးထိုးခဲ့သော်လည်း နှစ်ဖက်လူကြီးများရှေ့တွင် ယခင်ပြုမူခဲ့သော အကြမ်းဖက်မှုမျိုး နောက်နောင်မလုပ်တော့ကြောင်း ကတိထားခဲ့သော်လည်း ကတိကို အလေးမထားဘဲ ထပ်မံနှိပ်စက်နေပါသဖြင့် လားရှိုးမြို့နယ်တရားရုံး၌ ပြစ်မှုကြီးအမှတ် ၂၉၀၄/၂၀၁၄၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄/၃၂၃အရ တရားစွဲဆိုခဲ့ပြီး၊ တရားရုံးတွင်လည်း ထပ်မံ၍ ထိုကဲ့သို့ မနှိပ်စက်တော့ပါကြောင်း ကတိပြုထားခဲ့သော်လည်း အကြိမ်ကြိမ်စိတ်ထိခိုက်နာကျင်မှု၊ ကိုယ်ထိလက်ရောက်ရိုက်နှက်မှုများ ပြုမူနှောင့်ယှက်နေပါသဖြင့် လင်မယားအဖြစ်လည်း ပေါင်းသင်းပတ်သက်ဆက်နွယ်မှုလည်းမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးထွန်းသန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလေးဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဇင်မီထွဋ် (LL.B/LL.M)** | **ဒေါ်သန္တာလွင် (LL.B)** | **ဒေါ်ဖြူဖြူလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၁၆၃)** | **(စဉ်-၂၆၈၈၅)** | **(စဉ်-၄၁၄၂၁)** |

**အခန်း(၄)၊ တရားရုံးတိုက်တန်း၊ လားရှိုး၊ ရှမ်းပြည်နယ်မြောက်ပိုင်း**
**ဖုန်း-၀၉-၅၂၆၁၇၂၈၊ ၀၉-၃၁၈၄၃၁၈၁၊ ၀၉-၂၆၀၈၃၈၇၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၄၇၀၇၈ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊မြေကွက်အမှတ် ၆၆၃(ခ)၊ မြေကွက်တည်နေရာအမှတ် ၆၆၃(ခ)၊ အောင်ချမ်းသာလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးကြင်လှ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကြင်လှ ၁၂/မဂတ(နိုင်)၀၅၉၇၆၅ ကိုယ်တိုင်မှ ပါမစ်မူရင်း၊ တယ်လီဖုန်းတာဝါတိုင် ဆောက်လုပ်ရန် ဒီဂျီဆဲလ် မြန်မာတာဝါကုမ္ပဏီလီမိတက်နှင့် ချုပ်ဆိုထားသော ငှားရမ်းခြင်းသဘောတူစာချုပ်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)အရှေ့၊ မြေကွက်အမှတ် ၃၁၀၊ မြေကွက်တည်နေရာအမှတ်(၂)၊ အောင်သပြေအနောက် ၃ လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ် ဦးစိန်ကြင် CF-၀၉၂၉၃၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးစိန်ကြင် ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




အရောင်း (တိုင်းဒေသကြီး ၊ ပြည်နယ် သမဝါယမအသင်းများ)
စစ်ကိုင်း : 09-400 420 011
ပဲခူး : 09-428 137 492
မကွေး : 09-440 227 850, 09-792 229 940
မန္တလေး : 09-43 198 836
မွန် : 09-8 598 855
ရန်ကုန် : 09-5 021 830
ရှမ်း : 09-421 093 242
ဧရာဝတီ : 09-250 243 424
နေပြည်တော် : 09-789 730 219

ဆားဗစ် (ရွှေထွက်တိုး ကုမ္ပဏီ)
ဧရာဝတီ ၊ ရန်ကုန် : 09-401 629 077, 09-263 952 668
ပဲခူး ၊ မွန် : 09-977 242 139, 09-263 952 667
မန္တလေး ၊ မုံရွာ : 09-977 242 134, 09-263 952 663
နေပြည်တော် ၊ မကွေး : 09-977 242 135, 09-263 952 660
ဖုန်းခေါ် စင်တာ : 09-263 952 577, 01-684 733

အပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း (ရွှေထွက်တိုး ကုမ္ပဏီ)
မန်နေရှာ : 09-791 208 075, 09-977 242 146
ရန်ကုန် : 09-977 242 140
နေပြည်တော် : 09-970 255 455, 09-975 097 969
မန္တလေး : 09-970 067 976
စစ်ကိုင်း : 09-442 073 893, 09-264 087 146
မကွေး : 09-974 562 249

daedong KIOTI®


**အမည်ပြောင်းလဲခေါ်ဆိုပါရန်**

မြဝတီမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဦးသူတော်လမ်းနေ မာမက်ဟူစိန် ၃/မဝတ(နိုင်)၀၁၃၉၈၇ (ဘ) ဦးအာမက်၏သားအား ယနေ့မှစ၍ မာမက်ဟူစိန်(ခ)ခင်မောင်လွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မာမက်ဟူစိန်(ခ)ခင်မောင်လွင် ၃/မဝတ(နိုင်)၀၁၃၉၈၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခ၁ပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၅၀**

ဦးထိပ်တင်တိုး **နှင့်** ၁။ ဒေါ်အေးအေးမြ
၂။ ဦးသောင်းထိုက်မင်း (ကိုယ်တိုင်နှင့် ကျန်တရားပြိုင်များ၏ ကိုယ်စားလှယ်စာရသူ)
၃။ ဒေါ်လှလှမြ
၄။ ဦးမျိုးမြင့်ဦး
၅။ ဒေါ်သီတာ
၆။ ဒေါ်မြင့်မြင့်စန်း

**တရားလို** **တရားပြိုင်များ**

ဒေါ်မြင့်မြင့်စန်း၊ ဦးပိုင် ၃၀၊ အောင်သရဖူလမ်းသွယ်၊ ၆၉လမ်း၊ ၃၆×၃၇ကြား၊ မဟာမြိုင်အပိုင်း(၁)၊ အပိုင်း(၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဦးထိပ်တင်တိုးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၇၃**

ဦးတင်မောင် **နှင့်** ၁။ ဒေါ်နှင်းရင်၊ ၂။ ဒေါ်သိန်း၊ ၃။ ဦးစန်းမောင်

**တရားလို** **တရားပြိုင်များ**

ဒေါ်နှင်းရင် အမှတ်(၁)တရားပြိုင် အမှတ် ၄၉၃၊ ပိတောက်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဒေါ်သိန်း အမှတ်(၂) တရားပြိုင် အမှတ် ၉၀၁/က၊ သလ္လာဝတီ ၅ လမ်း၊ (၁၀)ရပ်ကွက်တောင်ပိုင်း၊ သာကေတမြို့နယ်၊ ဦးစန်းမောင် အမှတ်(၃) တရားပြိုင် အမှတ် ၆၁-A၊ ရေကူးတောင်ပိုင်းလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေသူများ (ယခုနေရပ်လိပ်စာမသိသူတို့)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းတို့ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခ၁ပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၈၂**

၁။ STRAITS TRADING CO.,LTD. **နှင့်** ဦးကျော်ဝင်းဦး
(၄င်းကုမ္ပဏီကိုယ်စားဆောင်ရွက်ခွင့်ရသူ ကုမ္ပဏီဒါရိုက်တာဦးကျော်စွာ)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ တိုင်းရင်းသားကျေးရွာ၊ လယ်ယာ(၁)လမ်း၊ ခြံအမှတ်(၁၀)နေ တရားပြိုင် ဦးကျော်ဝင်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စက်သုံးဆီဖိုးငွေ ၅၉၂၆၁၄၀၀ိ/နှင့် နစ်နာကြေးငွေ ၁၄၈၁၅၀၀၀ိ/-စုစုပေါင်း ၇၄၀၇၆၄၀၀ိ/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၃၀ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူများက တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ကပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၆၊ မြေကွက်အမှတ် ၉၉၀၊ မြေကွက်တည်နေရာအမှတ် ၉၉၀၊ ကန်ပတ်လမ်း၊ (၁၀၆)ရပ်ကွက်၊ ဒဂုံ/တောင်မြို့နယ်၊ ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ အမည်ပေါက် ပါမစ်မြေအား ကယားအထူးဒေသ (၁) (KNG) ၊ ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးဂေဗရယ်ပျန် (IKW-၀၀၅၆၃၅)အား တစ်ဆင့်ရောင်းချခြင်း၊ ခွဲဝေပေးအပ်ခြင်းအား သဘောတူညီကြောင်း ထောက်ခံချက်၊ ဦးဂေဗရယ်ပျန်ထံမှအရောင်းစာချုပ်(အရပ်ကတိ)ဖြင့် ဒေါ်အေးသီတာအောင် မှဝယ်ယူထားကြောင်း စာချုပ်၊ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်များ တင်ပြ၍ ဂရန်သစ်(ပါမစ်ပျောက်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၁၀၁၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၁၃/က၊ မာန်ပြေ(၄)လမ်း၊ ၂/ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တင်လှ ၁၂/သကတ(နိုင်)၀၇၇၂၄၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဒေါ်ချိုချိုအေး(ခ)ပြုံးပြုံးပိုင်မှ ၂၀၁၄ တရားမကြီးမှုအမှတ် ၉၉ ဖြင့် ဒေါ်တင်လှအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ် တရားမဓာရီမှုအမှတ် ၃၈ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ် ဒေါ်သင်းသင်းလှိုင် ၁၂/ဒလန(နိုင်)၀၃၆၉၄၄မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀တောင်၊ မြေကွက်အမှတ် ၂၂၆၄/ခ၊ မြေကွက်တည်နေရာအမှတ် ၂၂၆၄/ခ၊ ဇေယျာဝတီ ၆ လမ်း၊ ၁၀တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးကျော် HGU-၀၉၅၉၀၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးအေးကျော်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၉၀၇/၂၀၁၅ ရသူ ဒေါ်မို့မို့သော် ၁၂/သကတ(နိုင်)၁၇၅၀၈၄ မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၆)၊ မြေကွက်အမှတ်(၁၅၁/က)၊ မြေကွက်တည်နေရာအမှတ်(၁၅၁/က)၊ မြဝတီမင်းကြီးလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာ ဦးလှဝင်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သီတာထွေး ၁၄/ဒဒရ(နိုင်)၁၁၇၁၃၄ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ (၅)ဦးတို့၏ ထောက်ခံချက်များတင်ပြ၍ ဂရန်အသစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အုန်းခင်
(မြန်မာစာကထိက၊ ငြိမ်း)၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်အဖွဲ့ဝင်
မြန်မာစာအဖွဲ့
အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဧယျာသီရိလမ်း၊ အမှတ် ၃၊ အခန်း (၃အေ)နေ (ဦးဘညွန့်၊ အငြိမ်းစားသမိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)၏ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွန့် (အထွေထွေမန်နေဂျာ၊ အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်)၏ မိခင်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ**
**အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်**

# ဒေါ်တင်အောင် (စစ်တွေ)
(မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းကော်ပိုရေးရှင်း၊ ဌာနမှူး၊ ငြိမ်း)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊စုပေါင်းအိမ်ရာ၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ ၂၈/၂၊ ကန့်ကော်မြိုင်လမ်းနေ (ဦးနီအောင်ဖြူ - ဒေါ်ထွေးတင်)တို့၏သမီး၊ (ဒေါက်တာသာထွန်းဦး)-ဒေါ်ကျော့သာ၊ (ဗိုလ်မှူးကြီးရွှေဖံအောင်)-ဒေါ်တင်လေးဖံတို့၏ညီမ၊ ဦးအောင်ကျော်သာ-(ဒေါ်သိန်းသိန်းဒိုင်)တို့၏အစ်မ၊ Capt ကျော်ထွန်းဦး-ဒေါ်ဖြူဖြူလှ၊ Capt ထွန်းနီ-ဒေါက်တာမြသူဇာ၊ ဒေါက်တာစောထွန်းအောင်-ဒေါ်ခင်မျိုးသာ၊ Capt ဝင်းအောင်ထွန်း-ဒေါ်မေစံပယ်ဝင်း၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)ညနေ ၃း၁၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်အုန်းမြင့်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၅၃နေ [ဦးစိုးညွန့် (ယခင် စိုးညွန့်နာရီပြင်လုပ်ငန်းပိုင်ရှင်)]၏ဇနီး၊ (မမြတ်မွန်)၊ (ကိုစိုးနိုင်)၊ မမိမိစိုး၊ (ကိုညွန့်နိုင်)၊ မန္တဲ့နွဲ့စိုး၊ (မောင်ထွန်းထွန်းစိုး)၊ မောင်အောင်လွင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၆-၁၁-၂၀၁၅ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ငြိမ်း)
ကြည်း/၁၁၄၈၆
**OTS-38, B.A(Philo)**
အသက်(၇၄)နှစ်

သူငယ်ချင်းမင်းထွဋ် (DSA-36)နှင့် ကိုအောင်အောင်ဟိန်း (DSA-34) တို့၏ချစ်လှစွာသောဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း) အသက် (၇၄)နှစ်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက်နံနက် ၁၁း၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲရေးချုပ်နှင့်ဇနီး**

# ဦးသန့်ဇင်
(တပ်မတော်-ရေ၊ ငြိမ်း)၊ ပညု-(၁၃)၊
ရေ/၂၁၀၉၉၊ ထူးကုမ္ပဏီ(ရေကြောင်းဌာန)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၅)ရပ်ကွက်၊ နေမျိုးသီဟလမ်းနေ (အရာခံဗိုလ်ဦးမြင့်သိန်း၊ ငြိမ်း)-ဒေါ်စန်းတင့်တို့၏သား၊ မငွေငွေမြင့်၏ခင်ပွန်း၊ မောင်အုပ်သာကျော်၏ဖခင်၊ ဒုအရာခံဗိုလ်ဇော်ဝင်း(ငြိမ်း)၊ (ကိုစိုးနိုင်)တို့၏ညီ၊ ကိုစိုးသန့်၊ [ကိုလင်းမောင်မောင်(တပ်-ရေ၊ ငြိမ်း)]-မသီတာဝင်း၊ ကိုအောင်မျိုးကျော်(FISCA-Co.Ltd)တို့၏အစ်ကို၊မောင်လင်းသိန်းစိုး၏ဘကြီးသည် ၁၅-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

(ဦးခင်မောင်စိန်)-ဒေါ်ခင်သန်းတို့၏သမီး၊(ဦးသြဘာ-ဒေါ်လှ)တို့၏သမီးချွေးမ၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏ချစ်လှစွာသောမိခင်၊ စိုင်းစိန်ဝင်း-နန်းထွေးမုံ၊ စိုင်းအောင်ကြည်-နန်းသီတာလွင်၊ ဒုအရာခံဗိုလ်စိုင်းမြတ်သင်း(လလစ-၄)-ဒေါ်မာမာချစ်၊ မနှင်းနှင်းမူတို့၏အစ်မသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကြွင်းကျန်သောရုပ်ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်၊ မင်္ဂလာဒုံ၊ ခန္ဓာဗေဒဌာန၌ လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၉း၃၀နာရီတွင် အမှတ် ၁၀၊ ဇော်ဂျီလမ်း၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

(ဦးခင်မောင်စိန်)-ဒေါ်ခင်သန်းတို့၏သမီး၊(ဦးသြဘာ-ဒေါ်လှ)တို့၏သမီးချွေးမ၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာခင်မောင်မောင်၊ (ဒေါ်ခင်ဖြူထွေး)၊ ဒေါက်တာဒေါ်ခင်မမ၊(ဒေါက်တာခင်မောင်လေး)၊ဒေါ်ခင်ခင်မျိုးတို့၏ညီမသည် ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကြွင်းကျန်သောရုပ်ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်၊ မင်္ဂလာဒုံ၊ ခန္ဓာဗေဒဌာန၌ လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၉း၃၀နာရီတွင် အမှတ် ၁၀၊ ဇော်ဂျီလမ်း၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်ရှိခြင်း
# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

(ဦးခင်မောင်စိန်)-ဒေါ်ခင်သန်းတို့၏သမီး၊(ဦးသြဘာ-ဒေါ်လှ)တို့၏သမီးချွေးမ၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏ချစ်လှစွာသောမိခင်သည် ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူဆေးရုံတက်စဉ် အလုပ်တာဝန်များ များပြားနေချိန်ဖြစ်သော်လည်း ၄-၁၁-၂၀၁၅ရက်မှ ကွယ်လွန်ချိန်အထိ စေတနာမေတ္တာအပြည့်ဖြင့် နားလည်ခွင့်ပြုပေးသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၊ ဒုတိယရဲချုပ်၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်နှင့်တကွ ရဲအရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)လုံခြုံရေးရဲကွက်ကဲမှုအဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များနှင့်တကွ နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးတင်ရှိခြင်း
# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

(ဦးခင်မောင်စိန်)-ဒေါ်ခင်သန်းတို့၏သမီး၊(ဦးသြဘာ-ဒေါ်လှ)တို့၏သမီးချွေးမ၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏ချစ်လှစွာသောမိခင်သည် ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူ ဆေးရုံတက်စဉ်တစ်လျှောက်အတွင်း စေတနာမေတ္တာအပြည့်ဖြင့် ပြုစုကုသပေးသော ဗိုလ်မှူးချုပ်စိန်လင်း(ကင်ဆာနှင့် ခွဲစိတ်ပါရဂူ/တပ်မှူး)၊ ဒုဗိုလ်မှူးကြီးသီဂီကျော်၊ ဗိုလ်မှူးသူရိန်ကျော်မြင့်၊ ဗိုလ်မှူးထင်ဖံလင်း၊ ခွဲစိတ်ဆောင်၊ ဆေးကုသဆောင်နှင့် ICUမှ တာဝန်ကျ ဆရာဝန်များ၊ သူနာပြုများ၊ နာရေးကိစ္စအဝဝတွင်ကူညီဆောင်ရွက်ပေးသော ကလေးကုသဆောင်မှတာဝန်ကျ ဆရာဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျန်ရစ်သူမိသားစုမှအထူးကျေးဇူးတင်ရှိပါသည်။ (ကြွင်းကျန်သောရုပ်ခန္ဓာကိုယ်အား လှူဒါန်းရာတွင်ကူညီပေးသော တပ်မတော်ဆေးတက္ကသိုလ် စာပေဦးစီးဌာနကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက်နံနက် ၁၁း၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲချုပ်နှင့်ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယရဲချုပ်နှင့်ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မလေး
ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
အသက်(၆၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲထောက်ချုပ်နှင့်ဇနီး**

# ဒေါ်မြကြည် (ဝက်ထီးကန်)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် ၁၁နေ (ဦးမြိုင်-ဒေါ်ကေး)တို့၏သမီး၊(ဦးရှိန်)၏ဇနီး၊ ဒေါက်တာဦးစိုးမြင့် (ဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါ်ခင်ဝင်းရီ၊ ဦးရှိန်ဝင်းလှိုင် - ဒေါ်ခင်သန်းအေး (စံချိန်မီဆီစက်၊ အောင်လံ)၊ (ဦးအောင်ဝင်းတင့်)-ဒေါ်ခင်နှင်းဆီ(စံချိန်မီ ကားရေဆေးခုံ၊အောင်လံ)၊ဒေါက်တာမင်းဟန်-ဒေါ်ခင်နှင်းကြည်(အရှေ့ဒဂုံ)၊ ဒေါ်ခင်နှင်းရီ (သူနာပြု၊ ခုခံကျန်ကာလသား)၊ ဦးရှိန်မင်းနိုင် (လက်ထောက်မန်နေဂျာ၊ အင်ဂျင်နီယာ၊ တောင်ငူရောင်းစက်) - ဒေါ်မြင့်မြင့်စမ်းတို့၏မိခင်၊မြေး ၁၂ယောက်၊မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၁၁-၂၀၁၅ရက် နံနက် ၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

# ဦးမောင်ကို
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်းသွယ်၊ တိုက် ၁၊ အခန်း (5-A)နေ ဒေါ်နန်းရွှေထူး၏ခင်ပွန်း၊ နန်းခင်နန္ဒာမောင် (Sun Pharma)၊ ဗိုလ်မှူးအောင်ဇော်လတ် (ငြိမ်း) (ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြင်ဦးလွင်)-ဒေါ်ပုလဲ၊ ခင်နေဇာမောင်(ရွှေသံလွင်ကုမ္ပဏီ)၊ခင်ရတနာမောင်(အထက်တန်းရှေ့နေ)တို့၏ ချစ်လှစွာသောဖခင်သည် ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၅ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပခုက္ကူမြို့နယ်အသင်း(ရန်ကုန်)
# ဦးညီမောင်
ရာသက်ပန်အသင်းဝင်အမှတ်
ည-၀၂၂
အသက်(၇၆)နှစ်

ပခုက္ကူမြို့နေ (ဦးနွဲ့-ဒေါ်အုံးတင်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာ FMI City၊ အေးသာယာလမ်း G-18 နေ ဒေါ်မြင့်မြင့်အေး၏ ခင်ပွန်းသည် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် အသင်းသူ အသင်းသားများနှင့် မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။] အမှုဆောင်အဖွဲ့

# ဗိုလ်ကြီးလှလွင် (ငြိမ်း)
D.S.A အပတ်စဉ်(၂၁)
အနော်ရထာတပ်ခွဲ
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊ အခန်း ၁၁၄၊ အမှတ် ၄နေ (ဗိုလ်မှူးချစ်စိန်-ဒေါ်အုန်းကြည်)တို့၏သား၊ ဒေါ်စန်းစန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်စုံ (ခေတ္တ-မလေးရှား)၊ မဖြူစင်သန့် (ပထမနှစ်၊ အင်္ဂလိပ်စာ)တို့၏ဖခင်သည် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဗိုလ်ကြီးဇော်ချစ်
ကြည်း-၃၆၈၁၈၊ ဗသက(၁၀၆)
အသက်(၃၉)နှစ်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဘီလူးမြို့နေ ဒုအရာခံဗိုလ်သန်းမြင့် (ငြိမ်း) - ဒေါ်ခင်အုန်းမြင့်တို့၏သား၊ ဒေါ်မေလွင်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဆုဆုထက်၊ မောင်ထွဋ်ကျော်ခန့်တို့၏ဖခင်သည် ၁၅-၁၁-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း တိုင်းပြည်အတွက်အသက်ပေးလှူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဗိုလ်မှူးမောင်အေး (ငြိမ်း)
ကြည်း-၈၈၃၅ (ဗိုလ်သင်တန်းအပတ်စဉ်-၂၈)
အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊(၃)ရပ်ကွက်၊ အမှတ် ၁၁၉၊ ရွှေဝတ်မှုံလမ်းနေ (ဦးဖိုးမြိုင်-ဒေါ်သန်း)တို့၏သား၊ ဒေါ်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇေယျာအေး-ဒေါ်ဆွေစင်ထွန်း၊ ဦးကျော်ကျော်(MRTV)-ဒေါ်သူသူအေး (MRTV)၊ ဦးဟန်ဇော်ဦး(ဆောက်လုပ်ရေး၊ ကျိုင်းတုံ) - ဒေါ်ဖြူဖြူအေး (ကျိုင်းတုံ)တို့၏ချစ်လှစွာသောဖခင်၊ မစုလဲ့ဖြူစင်(အထက-၂၊ စမ်းချောင်း)၊ မသစ်သစ်ဖူးဇော်(သတ္တမတန်း၊ အထက-တက္ကသိုလ်)၊ မောင်မင်းဖုန်းခန့်တို့၏ဘိုးဘိုးကြီးသည် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၆နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစံလှ (တပ်မတော်)(ငြိမ်း)
မြို့မိမြို့ဖ၊ စစ်တွေမြို့
အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၂၃၁နေ ဦးစံလှသည် ၉-၁၁-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် စစ်တွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့ကြောင်း သိရှိရပါသည်။ စစ်တွေမြို့၏ မြို့ကျိုး၊ ရွာကျိုးများကို ဦးလည်မသုန် ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့မိမြို့ဖ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## ရဟန်းဒါယကာကြီး
# ဦးစိုး(ခ)ဦးမောင်စိုး
လ/ထ အခန်းမှူး(ငြိမ်း)၊ မြန်မာ့အလင်းသတင်းစာ
အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဓာတ်တော်ကုန်းကျေးရွာနေ (ဦးအုန်းဖေ-ဒေါ်သိန်းလှ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အုပ်ဖိုလ်စုကျေးရွာနေ (ဦးဖိုးကံ-ဒေါ်လှသိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ ၇လမ်း၊ အမှတ် ၆၉၁နေ ဒေါ်အေးသင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်ဝင်း-ဒေါ်စိုးစိုးဦး၊ ဦးထွန်းထွန်းဦး-ဒေါ်စန်းစန်းအေး၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းအေး၊ ဦးသန်းဇော်-ဒေါ်သီတာ၊ ဦးထွန်းထွန်းဝင်း-ဒေါ်လှလှဝင်း၊ ဦးရန်နိုင်လင်း-ဒေါ်ပပအောင်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဦးစိုးလှိုင် (ကျိုက်လတ်မြို့)
(တကက စာရေး၊ ငြိမ်း)၊ တပ်မတော်မှတ်တမ်းရုံး
ရခိုင်အထူးစီမံချက်၊ စစ်တွေ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန
မြန်မာနိုင်ငံကြက်ခြေနီအသင်း
အသက်(၆၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ (၁၂×၁၃)လမ်းမတော်လမ်း၊ အမှတ် ၁၆၇နေ (ဦးဘလှ)-ဒေါ်ကြည်တို့၏သား၊ (ဦးသောင်းတင်)-ဒေါ်သန်းငွေးတို့၏မောင်၊ (ဦးရဲမြင့်)၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ အမှတ် ၆/၄၅၁နေ ဒေါ်နုနုဆွေ(နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲလင်းနိုင် (SWANYEE GROUP)၊မခိုင်မြတ်မွန်(ခ)နိုနိုတို့၏ချစ်လှစွာသောဖခင်သည် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဦးလှဝင်း
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ တိုက် ၄-က၊ 7-Aနေ (ဦးမြသိန်း-ဒေါ်အုန်း)တို့၏သား၊ (ဦးမောင်ဆွေ-ဒေါ်စိန်ညွန့်)တို့၏သားသမက်၊ ဦးငွေးဝင်း-ဒေါ်ဥစိန်တို့၏ညီ၊ ဦးသက်ဦး-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဘမြင့်-ဒေါ်အေးအေးဝင်း၊ ဦးကျော်သက်-ဒေါ်ကြည်ကြည်မြင့်တို့၏အစ်ကို၊ ဒေါ်ချိုချိုဝင်း၏ခင်ပွန်း၊ မောင်စိုင်းမာန်မျိုးကျော်-မဟန်စုဖြိုး၊ မနန်းဆုနန္ဒာထွန်း၊ မနန်းနန္ဒာအေးဝင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်စိုင်းကျော်ဖြိုးကို၏အဘိုးသည် ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၇း၁၁တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မူမူကြည်
ဒု-ကြီးကြပ်ရေးမှူး(စာတိုက်စစ်ဆေးရေး)
အသက်(၅၃)နှစ်

မြန်မာ့စာတိုက်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး(မုံရွာ)မှ ဒေါ်ခင်မူမူကြည်သည် ၁၃-၁၁-၂၀၁၅ရက်တွင် တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**စစ်ကိုင်းတိုင်းဒေသကြီး(မုံရွာမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်ကြီးမျိုးခိုင် (တပ်မတော်-လေ)
စစ်တက္ကသိုလ်အမှတ်စဉ်(၄၆)
အသက်(၃၃)နှစ်

ဗိုလ်ကြီးမျိုးခိုင်(တပ်မတော်-လေ)သည် ၇-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၆) ဗိုလ်လောင်းသင်တန်းမှ**
**သူငယ်ချင်းများ**

**ပြည်ထောင်စုလွှတ်တော် အစည်းအဝေး**

## ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

စာမျက်နှာ » ၆

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

## ပထမလွှတ်တော်သက်တမ်း နှစ်လခန့်သာကျန်ရှိသဖြင့် ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်

စာမျက်နှာ » ၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**

## နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့်ဥပဒေများ အချိန်မီပြီးစီးနိုင်ရေးကြိုးပမ်းဆောင်ရွက်

စာမျက်နှာ » ၇

# အကြီးမားဆုံးသော ရှေးဟောင်းစံပြမြန်မာဘုန်းတော်ကြီးကျောင်း ပခန်းကြီးကျောင်းတော်

**မန္တလေး နိုဝင်ဘာ ၁၆**

နှစ်ပေါင်း တစ်ရာကျော် သက်တမ်းရှိ ကုန်းဘောင်ခေတ်နှောင်း ရတနာပုံ ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် ကျောင်းတော်ကြီးကို ပခန်းကြီးမြို့ရိုး၏ အနောက်တောင်ထောင့်တွင် ရှေးမြန်မာတို့၏ စံပြဘုန်းတော်ကြီးကျောင်းအဖြစ် ပကတိခန့်ထည်စွာ တည်ရှိနေသည်။

ပခန်းကြီး ကျောင်းတော်ကို မင်းမှုထမ်း၊ ကျီဝန်၊ သက်တော်ရှည်နှင့် မှန်ကင်းဝန် စသည့် သုံးမည်ရ တံခါး ဦးဘိုးတုတ်က ၎င်း၏ ဆရာတော် ဦးဂုဏသီတင်းသုံးနေထိုင်ရန် ၁၈၆၈ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။ ကျောင်းတော်ဆောက်လုပ်ရန်လိုအပ်သော ကျွန်းသစ်များကို မင်းတုန်းမင်း၏ ခွင့်ပြုချက်ဖြင့် ဘုရင်ပိုင်အရာတော်သစ်

*စာမျက်နှာ ၆ ကော်လံ ၁* ◆




## ကော့သောင်းမှ ပြည်ကြီးငါးများ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိ

**သတင်းနှင့်ဓာတ်ပုံ-ကျော်စိုး(ကော့သောင်း)**

ကော့သောင်း နိုဝင်ဘာ ၁၆

**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နေပြည်သူများသည် ရေလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းကြသည်ဖြစ်ရာ ရေလုပ်ငန်းမျိုးစုံမှ ကမ်းနီးငါးဖမ်းလုပ်ငန်းအဖြစ် ရာသီအလိုက် ပေါက်ပွားပေါများလေ့ရှိသည့် ငါးအုပ်စုအမျိုးအစားအလိုက် ဖမ်းယူရောင်းချအသက်မွေးမှုပြုကြသည်ဖြစ်ရာ နိုဝင်ဘာလအတွင်း ကင်းမွန်(ခ) ပြည်ကြီးငါးတစ်မျိုးက ကမ်းနီးပင်လယ်ငါးဖမ်းလုပ်ကွက်တစ်လျှောက် ပေါများစွာဖမ်းယူရရှိကြောင်း သိရသည်။**

*စာမျက်နှာ ၁၁ ကော်လံ ၁* ❒



## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အနောက်မြောက်ဘက်သို့ရွေ့လျား မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးနာဒူးလ်ကမ်းခြေမြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
နေပြည်တော်-စာစောင်ရုံး ၀၆၇-၃၆၁၃၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၀၆၊ ဇေယျ ၀၆၇-၃၆၁၃၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၃၇)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၁၀၈၊ ဖြန့်ချိရေး ၀၁-၅၄၄၁၁၄၊ စီစဉ် ၀၁-၅၄၄၁၁၉၊ ဒေသ ၀၁-၅၄၄၁၁၅၊ ဖြန့်ချိရေး ၀၁-၅၄၄၁၂၆၊ ကြော်ငြာ ၀၁-၅၄၄၁၀၆။